မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

၁၃၈၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၉၅)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးဆိုင်ရာ တိုးတက်ကောင်းမွန်မှု အခြေအနေများ၊ ဥပဒေရေးရာ ကိစ္စရပ်များနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံမှ

စာမျက်နှာ ၃ ကော်လံ ၁ ❑

ယနေ့ မာတိကာ

ထွန်းသစ်စ စက်မှုလုပ်ငန်းများ — ဆောင်းပါး | စာ ၈

ဂျပန်နိုင်ငံတစ်ဝန်း နေရာပေါင်း ၁၆၁ ခုတွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်လာ — နိုင်ငံတကာသတင်း | စာ ၁၃

ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူ အမျိုးအစားအသစ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် သတင်းမီဒီယာရှင်းလင်းပွဲပြုလုပ် — ပြည်တွင်းသတင်း | စာ ၁၆

လမ်းတံတား အခြေခံအဆောက်အအုံများ အကြမ်းဖက်ဖျက်ဆီးမှုဟူသမျှ ဆန့်ကျင်ရှုတ်ချ

ရန်ကုန်–မန္တလေး ရထားလမ်းပိုင်း စဉ့်ကိုင်မြို့နယ်အတွင်း မိုင်တိုင် (၃၇၂/၃–၃၇၁/၂၄) တွင် မသမာသူများက ယုတ်မာပက်စက်သော အကြံဖြင့် ရထားသံလမ်းဆက်ပြား၊ သံလမ်းဆက် မူလီများနှင့် သံလမ်းထိန်းကလစ်များကို ဖြုတ်ယူဖျက်ဆီးထားမှုကြောင့် မြစ်ငယ်– ရွာသာကြီး ခရီးစဉ်ပြေးဆွဲနေသည့် ကုန်ရထားတစ်စင်း လမ်းချော်မှု ဇူလိုင် ၂၃ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့သည်။ အဆိုပါ ဖြစ်ရပ်သည် မြန်မာနိုင်ငံရထားပို့ဆောင်ရေးတွင် အဓိကကျသော ရန်ကုန်–မန္တလေး ရထားလမ်းပိုင်းပေါ်၌ ရက်သတ္တတစ်ပတ်အတွင်း ဒုတိယအကြိမ်မြောက် ရထားလမ်းကို ဖျက်ဆီးတိုက်ခိုက်ခြင်းပင် ဖြစ်သည်။

ဇူလိုင် ၁၈ ရက်က ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်တွင် ကျောက်တံခါး ဘူတာနှင့် ပဲနွယ်ကုန်းဘူတာကြား ရန်ကုန်–မန္တလေးရထားလမ်း ပေါ်ရှိပေ ၆၀ ကွန်ကရစ်တံတားပေါ်တွင် အကြမ်းဖက်သောင်းကျန်း သူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးထားမှုကြောင့် ရထားလမ်း နှင့် တံတားပျက်စီးမှုများကို အမှတ်(၃) အဆန် လူစီးအမြန်ရထား မောင်းနှင်သူက တွေ့မြင်ကာ အချိန်မီရပ်တန့်နိုင်ခဲ့မှုကြောင့် ခရီး သည်များ ထိခိုက်သေဆုံးမှု တစ်စုံတစ်ရာ မဖြစ်ပေါ်ခဲ့ခြင်းဖြစ် သည်။ ရန်ကုန် – မန္တလေး ရထားလမ်းပိုင်းသည် နိုင်ငံအတွက် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင် အဓိကအရေးပါသည့် အလျောက် ဂျပန်နိုင်ငံ၏ ဖွံ့ဖြိုးရေးအကူအညီချေးငွေဖြင့် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိရာ စီမံကိန်းပြီးစီးပါက ရန်ကုန်နှင့် မန္တလေးအကြား ရထားခုတ်မောင်းချိန် ရှစ်နာရီဖြင့် အရောက် ခရီးပေါက်နိုင်အောင် ဆောင်ရွက်နေခြင်းဖြစ်သည်။ အကြမ်းဖက်အဖျက်သမားများသည် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၀ ရက်အထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေ အတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း ၁၁၂ ကြိမ်၊ ရထားတံတား များကို မိုင်းခွဲဖျက်ဆီးခြင်း ၄၁ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များကို မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ပြီး ဖြစ်သည်။

လက်နက်ကိုင်အကြမ်းဖက် သောင်းကျန်းသူတို့၏ နည်းလမ်း မျိုးစုံဖြင့် ဖျက်ဆီးမှုများတွင် ရထားလမ်း၊ တံတား၊ ဘူတာများ နှင့် ရထားဝန်ထမ်း နေအိမ်လိုင်းခန်းများသာမက မြန်မာနိုင်ငံ ဒေသအနှံ့အပြားရှိ ကားလမ်းများနှင့် မြစ်ကူး၊ ချောင်းကူးတံတား များ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ ဓာတ်အားလိုင်းတာဝါတိုင် များနှင့် ထရန်စဖော်မာများ ပါဝင်ရာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ယင်းအဖျက်အဆီးများ စုစုပေါင်း ထောင်နှင့်ချီ၍ ပျက်စီးခဲ့ပြီဖြစ်သည်။ လမ်းတံတားများ၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ဓာတ်အားတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ လူထု၏ လူမှုစီးပွားဘဝများအတွက် မရှိမဖြစ်သော အခြေခံ အဆောက်အအုံများဖြစ်ပြီး မည်သည့်အစိုးရလက်ထက်တွင် ဖြစ်စေ ကောင်းသည်ထက် ကောင်းမွန်အောင် တည်ဆောက်နေ ကြရမည်ဖြစ်ရာ အခြေခံအဆောက်အအုံများကို ဖျက်ဆီးခြင်းက ပြည်သူလူထု၏ အကျိုးစီးပွားများနှင့် နေ့စဉ်လူမှုဘဝများကိုပါ ထိခိုက်ပျက်စီးစေသည်။

ပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် နေ့စဉ် ပရိယေသနဝမ်းစာရှာဖွေရေးတို့တွင် လမ်းတံတားများအပါအဝင် အခြေခံအဆောက်အအုံများ ကောင်းမွန်နေမှသာ ဆက်သွယ် ကူးသန်းသွားလာရေး လွယ်ကူချောမွေ့နိုင်မည်ဖြစ်သကဲ့သို့ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်ကောင်းမွန်နိုင်မည်ဖြစ်သည်။ ပြည်သူလူထုကိုလည်းကောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကောင်း ထိခိုက်နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေသည့် အခြေခံ အဆောက်အအုံများအား အကြမ်းဖက်ဖျက်ဆီးသည့် လုပ်ရပ် ဟူသမျှ ပြည်သူ့အားဖြင့် ဆန့်ကျင်ရှုတ်ချကြရပါမည့် အကြောင်း။ ။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်နှင့် မန္တလေးမြို့ တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မြန်မာ့ပင်လယ်ပြင် အခြေ အနေမှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက် ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီး နိုင်သည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်း ချက်မှာ မုတ်သုံလေ အားအသင့် အတင့်မှ အားကောင်းနေမည်။

မိုး/ဇလ

ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဥပဒေဘာသာပြန်ကော်မရှင်

အမိန့်အမှတ် ၁ /၂၀၁၂

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်

(၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်)

၁။ ဥပဒေဘာသာပြန်ကော်မရှင်က ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အတည်ပြုသည့် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသော The Trusts Act ၏ မြန်မာဘာသာ ပြန်ဆို ချက်ကို ယင်းဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ ထုတ်ပြန်ကြေညာလိုက်သည်။

၂။ ဖော်ပြပါ မြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေသည် မူလစာမူနှင့် အလားတူ အာဏာတည် ရမည်။

(ဒေါက်တာသီတာဦး)
ဥက္ကဋ္ဌ
ဥပဒေဘာသာပြန်ကော်မရှင်

သံအမတ်ကြီး ဦးတင်ယု အား ဘာရိန်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇူလိုင် ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးဦးတင်ယု အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် ဘာရိန်း နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ) ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ကမ်းတို့ကို လှည့်လည်ကြည့်ရှု

စစ်တွေ ဇူလိုင် ၂၅

ရခိုင်ပြည်နယ် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီး များ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန် ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ပိုင်းက အစိုးရနည်းပညာ အထက် တန်းကျောင်း(စစ်တွေ) ကျောင်း သား ကျောင်းသူများ ပညာသင် ကြားနေမှုအခြေအနေနှင့် မြန်မာ့ ဆိပ်ကမ်းအာဏာပိုင် ဖောင်တော် ကြီး ဆိပ်ကမ်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အစိုးရနည်းပညာ အထက်တန်းကျောင်း (စစ်တွေ) သို့ရောက်ရှိပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် က မိမိတို့ဒေသ၊ မိမိတို့ကျောင်း၊ မိမိပြည်နယ်နှင့် မိမိနိုင်ငံဖွံ့ဖြိုး တိုးတက်ရေး အခြေခံသည် ပညာရေးပင်ဖြစ်ကြောင်း၊ ပညာ ကို အမှန်တကယ် တတ်မြောက် မှသာ မိမိတို့ရည်မှန်းချက်များကို အောင်မြင်စေမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားမှု အဆင်ပြေ ချောမွေ့စေရေးနှင့် ပညာသင်ယူမှု အခွင့်အလမ်း အပြည့်အဝ ရရှိစေရေးတို့ကို ဆရာ ဆရာမများအားလုံး ဝိုင်းဝန်း ဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း မှာကြားပြီး စာသင် ခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဖောင်တော်ကြီး ဆိပ်ကမ်းရှိ သင်္ဘောပေါ်မှ ကူညီ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရား အင်အားများ အသုံးပြုကာ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲ ပေးရန် စီစဉ်ဆောင်ရွက်နေမှု တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ညနေပိုင်းတွင် ပြည်နယ် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ရုံး၌ သဘာဝဘေး ပြန်လည်ထူထောင် ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် ကြသည်။ အစည်းအဝေးတွင် လုပ်ငန်း ကော်မတီများအလိုက် ပြန်လည် ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ် လိုက်နာဆောင်ရွက် ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက် မည့် အစီအမံများ၊ လုပ်ငန်း တိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်ပြီး ရှင်းလင်းတင်ပြချက် များအပေါ် လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေး ကြောင်း သတင်းရရှိသည်။

ဝင်းမင်းစိုး (ပြန်/ဆက်)

“ဥပဒေရေးရာကဏ္ဍနှင့် တရားစီရင်ရေးဆိုင်ရာ ကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး ”

❑ *ရှေ့ဖုံးမှ*

ဥပဒေပညာရှင်များ ရုရှားနိုင်ငံတွင် ဥပဒေပညာရပ်များ လေ့လာနိုင်မည့် အခြေအနေများ၊ ဥပဒေရေးရာကဏ္ဍနှင့် တရားစီရင်ရေးဆိုင်ရာ ကဏ္ဍများတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အပြန်အလှန်ပေးအပ်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက် လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်သီတာဦးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် မြန်မာနိုင်ငံ၌ တရားဝင် ချစ်ကြည်ရေး ခရီးစဉ် ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr. Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ် အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်တို့သည် နှစ်နိုင်ငံအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ ဖြစ်ကြသည့် ဦးအောင်ဇော်သိန်း၊ ဦးမျိုးတင့်၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဦးခင်မောင်ကြီးတို့ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ Charge d’ Affaires a.i./ Counsellor Mr. Pavel Klabukov ၊ The Fourth Court of Cassation of General Jurisdiction ဥက္ကဋ္ဌ Mr. Aleksei Shishkin၊ The Fourth Court of Appeal of General Jurisdiction ဥက္ကဋ္ဌ Mr. Magsomed Magomedov နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

သတင်းစဉ်

ပြည်ထဲရေးဝန်ကြီးဌာန ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဒုတိယအကြိမ်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံး ဧရိယာ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ဌာနဆိုင်ရာ အရာရှိကြီးများနှင့် တပ်ဖွဲ့ဝင်/ဝန်ထမ်းများက သတ်မှတ်နေရာများတွင် သစ်ပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် တာဝန်ရှိသူများသည် တပ်ဖွဲ့ဝင်/ဝန်ထမ်းများ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (ယာပုံ)

ယနေ့အခမ်းအနားတွင် ရတနာတန်းဝင်ကျွန်း၊ ယမနေ၊ မဟော်ဂနီ၊ စိန်ပန်း (နီ)၊ စိန်ပန်း (ပြာ) စသည့် အပင်စုစုပေါင်း ၁၀၀၀ ကို စိုက်ပျိုးခဲ့ကြသည်။ ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ရုံး၊ ဌာနများတွင်လည်း ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ အရိပ်ရလေကာပင်၊ သီးပင်စားပင် စုပေါင်း ၈၈၉၄၁ ပင် စိုက်ပျိုးခဲ့ကြကြောင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယနေ့အထိ စုစုပေါင်း သစ်ပင် ၃၁၁၃၁ ပင် တို့ကို စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် စစ်ကိုင်းတိုင်းဒေသကြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၅

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သည် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း) သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အားကစားကွင်း အဆင့်မြှင့်တင်မှု အခြေအနေ၊ စာကြည့်တိုက်၊ ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ စားရိပ်သာများ၊ အင်ဂျင်နီယာအလုပ်ရုံ၊ အသစ်ဆောက်လုပ်လျက်ရှိသည့် လေးထပ်အင်ဂျင်နီယာအလုပ်ရုံ လုပ်ငန်းခွင်၊ မနုဿဗေဒပြခန်း၊ အင်္ဂလိပ်စာ Language Lab များ၊ ကွန်ပျူတာစာသင်ခန်းများနှင့် စိုက်ပျိုးထားသည့် အပင်များ ရှင်သန်ဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များမှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ/ ဌာနမှူးများနှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းကလည်း စစ်ကိုင်းတိုင်းဒေသကြီး ရွာသစ်ကြီးကျေးရွာရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆိုပါ ဖွံ့ဖြိုးရေးတက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများနှင့် တွေ့ဆုံ၍ အုပ်ချုပ်ရေး၊ လေ့ကျင့်သင်ကြားရေးနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက္ကသိုလ်စာကြည့်တိုက်နှင့် ပြတိုက်တို့သို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ လေ့လာဖတ်ရှုနိုင်ရေးအတွက် စာအုပ်စာစောင်များ ဖြည့်တင်းဆောင်ရွက်ထားရှိမှု၊ e – Library Management System ဆောင်ရွက်ထားရှိမှုနှင့် တိုင်းရင်းသား မျိုးနွယ်စုအလိုက် ခင်းကျင်းပြသထားသည့် ရိုးရာဓလေ့ အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ဆောင်များအတွင်း ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူများ စာပေသင်ကြား လေ့ကျင့်နေမှု၊ ကျောင်းသား ကျောင်းသူများ အိပ်ဆောင်၊ စားရိပ်သာများနှင့် စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (အပေါ်ဝဲပုံ)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ်၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပြီး တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး တို့ကို တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာစေရန်နှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲစေရန်အတွက် ကျောင်းဝင်းအတွင်း ဆောင်ရွက်ထားရှိသည့် မြန်မာပြည်မြေပုံအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး အလိုက် ဖွဲ့စည်းထားရှိမှု၊ တိုင်းရင်းသားမျိုးနွယ်စု ရုပ်တုများနှင့် ဒေသအလိုက် ထင်ရှားသောနေရာများ ပြသရန် စီစဉ်ထားရှိမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဆက်လက် ဆောင်ရွက်သွားရမည့် လုပ်ငန်းအခြေအနေများကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖွံ့ဖြိုးရေးတက္ကသိုလ် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်းရှိ ငါးကန်များ၊ ဥစားကြက်နှင့် အသားစားကြက်ခြံများ၊ ငါးခူမွေးမြူရေးကန်၊ ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ မွေးမြူရေးအစာစပ်စက်ရုံနှင့် အားကစားကွင်း အဆင့်မြှင့်တင်ရေး ဆောင်ရွက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၅

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နတ်ဆိုး PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ”** ခေါင်းစဉ်ဖြင့် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“PDF အကြမ်းဖက် သောင်းကျန်းသူများက ရထားလမ်းကို မိုင်းခွဲဖျက်ဆီးမှုကြောင့် အမြန်လူစီးရထားများ ခရီးစဉ်ကြန့်ကြာမှုဖြစ်ပွားခဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ပုလောမြို့နယ်၌ ဇီဝအချက်အလက် ကောက်ယူခြင်းနှင့် UID များ ထုတ်ပေး

ပုလော ဇူလိုင် ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နိုင်ငံသားတစ်ဦးချင်းစီ၏ (Biometric Data) ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းလုပ်ငန်းကို ယနေ့ နံနက် ၉ နာရီခွဲက ပုလောမြို့နယ်ခန်းမ၌ စတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ Biometric Data များ ကောက်ယူခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပုလောမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးဝင်းဇာကျော်နှင့် ဝန်ထမ်းများက ဦးတည်အုပ်စုများသတ်မှတ်၍ ယနေ့တွင် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များအား အစီအစဉ်အတိုင်းကောက်ယူကြပြီး ဂဏန်း (၁၀) လုံးပါသည့် Unique ID နံပါတ်စာရွက်ကို ချက်ချင်းထုတ်ပေးလျက်ရှိရာ ပုလောမြို့နယ် အမှတ်(၁) စစ်နယ်မြေမှူး ဗိုလ်မှူးကြီး အောင်ကိုဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးတို့က ကြည့်ရှုအားပေးခဲ့သည်။ မြို့နယ်(ပြန်/ဆက်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် H.E . Mr . Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

နေပြည်တော် ဇူလိုင် ၂၅

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr . Vyacheslav Lebedev ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိကြရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်မတော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

လှည့်လည်လေ့လာကြည့်ရှု

မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓဥယျာဉ်တော်ကြီး အတွင်းရှိ သာသနိက အဆောက်အအုံများနှင့် ကျောက်စာရုံစေတီများကို လှည့်လည်လေ့လာ ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် H.E. Mr . Vyacheslav Lebedev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထားပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ ကျောက်စိမ်းရုပ်ပွားတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုး၍ အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ပြီး စေတီတော် အရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော်အဆောင်သို့ သွားရောက်ကာ ဆင်ဖြူတော်များကို အစားအစာများ ကျွေးမွေးကြသည်။ (ဝဲပုံ)

ညပိုင်းတွင် ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ Park Royal Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရုံးချုပ် တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ့ ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာပြီး ပြခန်းမဆောင်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ လက်ဝတ်ရတနာများနှင့် သယံဇာတပစ္စည်းများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားသူကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြခန်းအတွင်း တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး လက်ဆောင်ပစ္စည်းများပေးအပ်ရာ ပြခန်းတာဝန်ရှိသူများက လက်ခံရယူကြသည်။

သတင်းစဉ်

အတ္ထရံမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေး

မော်လမြိုင် ဇူလိုင် ၂၅

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသတွင်း ငါးထုတ်လုပ်မှု တိုးတက်စေရေးနှင့် ငါးသယံဇာတပေါများကြွယ်ဝစေရေးတို့အတွက် ငါးမျိုးစိုက်ထည့်ခြင်းကို မော်လမြိုင်မြို့နယ် မျှော်လင့်ဆိပ်ကမ်း၌ ဇူလိုင် ၂၅ ရက် နံနက်က ကျင်းပသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲသို့ မော်လမြိုင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်မြင့်၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးလှမင်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးတင်ယုနှင့် အဖွဲ့ဝင်များ၊ ဒေသခံများက အတ္ထရံမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ နှစ်သိန်းကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာမြို့နှင့် သံတွဲမြို့တို့ရှိ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်လေ့လာ

နေပြည်တော် ဇူလိုင် ၂၅

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ယနေ့တွင် ချောင်းသာမြို့နှင့် သံတွဲမြို့တို့ရှိ တန်ခိုးကြီး ဘုရားများနှင့် အထင်ကရနေရာများသို့ သွားရောက်ဖူးမြော်လေ့လာကြသည်။

ထိုသို့ အနားယူအပန်းဖြေခရီးစဉ်သွားရောက်ခဲ့သည့် အဖွဲ့များမှ ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် ကမ်းခြေလမ်းလျှောက်ခြင်းနှင့် ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများဆောင်ရွက်ခြင်း၊ သဲသောင်ပြင်အားကစားများ ဆောင်ရွက်ခြင်း၊ အနားယူ အပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ချောင်းသာကမ်းခြေရှိ ဆုတောင်းပြည့် ဇမ္ဗူပတိရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ညနေပိုင်းတွင် ဘောလုံး၊ ပိုက်ကျော်ခြင်းနှင့် ရေကူးအပန်းဖြေခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ ရခိုင်ပြည်နယ် ငပလီကမ်းခြေသို့ သွားရောက်ခဲ့သည့်အဖွဲ့သည် သံတွဲခရိုင် ငပလီမြို့ပေါ်ရှိ မဒေးတောင်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းနှင့် အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြကာ (အပေါ်ပုံ) ၎င်းတို့တည်းခိုသည့်နေရာ၌ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြသည်။ အဆိုပါအဖွဲ့အား ဒေသခံပြည်သူများက ဒေသထွက်ပစ္စည်းများ လာရောက်ပေးအပ်ကြသည်။ ၎င်းနောက် ကမ်းခြေရှိ သဲသောင်ပြင်တွင် ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ ရေကူးခြင်းနှင့် အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေး ဒုတိယနေ့ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ ပြည်နယ် သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီဟနာဒက ဆောင်ရွက်တော်မူသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုဒ္ဓါစာရာဘိဝံသက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥတ္တရက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒဝရက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီခွဲတွင် ရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေး ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စ၊ သာသနာရေးရာကိစ္စ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးဆုံးဖြတ်ချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သုစိတ္တကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို သာသနဓဇ ဓမ္မာစရိယ ဒီဃဘာဏက ဘဒ္ဒန္တဝိရောစနက လည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညက လည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တတိယအဖွဲ့ခွဲ၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒက အတည်ပြုချက်ရယူပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စုဒ္ဒသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်ာန်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန် (ရွှေကျင်) ကျောင်းတိုက်ဆရာတော်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက ဆတ္တိံသတိမ (၃၆) ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း တစ်နေ့တာ ဆက်ကပ်လှူဒါန်းကြသည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိသော တပ်မတော်သားများနှင့် မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

အလားတူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အလယ်ပိုင်းရပ်ကွက်ရှိ နဂါးကျောင်း ပရိယတ္တိစာသင်တိုက်ရှိ ကျောင်းတိုက်ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့ပြင် အရာရှိရပ်ကွက်၊ စေတီတောင်ရပ်ကွက်နှင့် ကုလာဘာတောင် ရပ်ကွက်များသို့ သွားရောက်ကာ ဌာနဆိုင်ရာဝန်ထမ်းများက လူနေအိမ်များ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်းနှင့် ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မီးရထားဆိပ်ရပ်ကွက်ရှိ အများပြည်သူ အနားယူအပန်းဖြေနိုင်ရန်အတွက် မြို့ပန်းခြံ ပြုလုပ်မည့် မြေနေရာအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းများနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးအတွက် သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင် ရှင်းလင်းနေမှုများကို လှည့်လည် ကြည့်ရှုအားပေးပြီး အမှတ်(၁)ရပ်ကွက်နှင့် အမှတ်(၂) ရပ်ကွက်ကြားရှိ ရေမြောင်းအား ရေစီး/ရေလာ ကောင်းမွန်ရေး တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် အမှတ်(၅)ရပ်ကွက်ရှိ သာသနာ့အလင်းရောင် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝါရိန္ဒအား ဖူးမြော်ကာ မြို့ပေါ်ကျောင်း ၂၈ ကျောင်းရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရန် လျှောက်ထားသြဝါဒ ခံယူကာ လှူဖွယ်ပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ရခိုင်ပြည်နယ် ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် အောင်မျိုးထွန်းသည် ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းတွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ယာယီအစည်းအဝေးခန်းမ၌ ပြုလုပ်သော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားပြီး ဌာနများအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ကျေးရွာများမှ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဂွမြို့၌ လူငယ်နှင့်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်းကျင်းပ

ဂွ ဇူလိုင် ၂၅

ရခိုင်ပြည်နယ် သံတွဲခရိုင် ဂွမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ဂွမြို့ ရဟိုင်ကွင်း အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရွှေရည်ဝင်းကျော်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မင်းလွင်က လူငယ်နှင့် ခေါင်းဆောင်မှုအကြောင်း ပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး ရဟိုင်ကွင်း အခြေခံပညာ အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နဲ့ အောင်မြင်မှု၊ လူငယ်နဲ့ စာပေ၊ လူငယ်နဲ့မူးယစ်ဆေးဝါး၊ လူငယ်နဲ့ အားကစားခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအား သွားရောက်လေ့လာသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

ကမ္ဘောဒီးယား ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ဇူလိုင် ၂၀ ရက်မှ ၂၅ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ (၇)ကြိမ်မြောက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲအား သွားရောက်လေ့လာသည့် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၅ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့အား ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးသန်းထွန်း၊ ဦးအောင်စောဝင်း၊ ဦးမြင့်သိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

လေ့လာရေး ခရီးစဉ်အတွင်း ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် အဖွဲ့ဝင် ဦးစိုးဦးတို့သည် ဇူလိုင် ၂၂ ရက်တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာရွေးကောက်ပွဲ လေ့လာသူများအား လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ဖနောင်ပင်မြို့နှင့် ကန်ဒယ်ပြည်နယ်တို့ရှိ ကန်ဒယ်ပြည်နယ် ဆရာအတတ်သင်ကျောင်း၊ ဘွန်ရာနီခရိုပါဟာ မူလတန်းကျောင်း၊ ဟွန်ဆန်ဆက်တဘောင်း မူလတန်းကျောင်းတို့၌ ဖွင့်လှစ်ထားသည့် မဲရုံပြင်ဆင်နေမှုများကိုလည်းကောင်း၊ ဆိုသီရာရေ့စ်

အလယ်တန်းကျောင်းနှင့် 8 March မူကြိုကျောင်းတို့၌ မဲရုံဖွင့်လှစ်နေမှုများကိုလည်းကောင်း၊ ကန်ဒယ်ပြည်နယ် ဆရာအတတ်သင်ကျောင်း၊ ဘတ်တုအထက်တန်းကျောင်းနှင့် အက်နိုဝတ်ဖနောင် မူလတန်းကျောင်းတို့၌ မဲပေးနေမှုအခြေအနေများကို လည်းကောင်း သွားရောက်လေ့လာခဲ့သည်။

ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ၏ ရွေးကောက်ပွဲကျင်းပပုံ၊ မဲရုံများ ဖွင့်လှစ်ထားရှိမှုနှင့် မဲပေးခြင်း၊ မဲရေတွက်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ကမ္ဘောဒီးယားနိုင်ငံ၏ ယဉ်ကျေးမှုဓလေ့များနှင့် ထင်ရှားသောနေရာများကို သွားရောက်လေ့လာခဲ့ကြောင်းနှင့် ထိုင်း၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ ရုရှားနှင့် တီမောလက်စ်တေ နိုင်ငံတို့မှ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်များမှ လေ့လာရေး အဖွဲ့များလည်း လာရောက် လေ့လာကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဂြိုဟ်တုနည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ

နေပြည်တော် ဇူလိုင် ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား Borderless Broadcast Co., Ltd နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် China Rocket Co., Ltd မှ တာဝန်ရှိသူများက ဂြိုဟ်တုနည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကို ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ Borderless Broadcast Co., Ltd နှင့် China Rocket Co., Ltd တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံမှ နည်းပညာမြင့် ကုမ္ပဏီတစ်ခုဖြစ်သော China Rocket Co., Ltd ၏ ဂြိုဟ်တုနည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုများကို ယခုကဲ့သို့ လာရောက် ရှင်းလင်းပြသသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ထိရောက်မှုရှိအောင် ပူးပေါင်းဆောင်ရွက်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် China Rocket Co., Ltd ဥက္ကဋ္ဌ Mr. ZHANG DONG နှင့် တာဝန်ရှိသူများက China Rocket ကုမ္ပဏီသည် ၁၉၉၈ ခုနှစ် မတ် ၂၇ ရက်တွင် စတင်တည်ထောင်ခဲ့သော တရုတ်နိုင်ငံ၏ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ Aerospace Technologies အသုံးချလုပ်ငန်းနယ်ပယ်အတွက် Commercial space နှင့် International Platform များဖြစ်သည့် အဓိကလုပ်ငန်းကြီး (၄) ရပ်တွင် ပါဝင်ဆောင်ရွက်နေပြီး ၂၀၁၅ ခုနှစ်က LAOSAT–1 Satellite ကို လွှင့်တင်ပေးခဲ့ကြောင်း၊ လာအိုနိုင်ငံ နယ်စွန်နယ်ဖျားရှိ ကျေးရွာပေါင်း ၃၀ မှ အိမ်ထောင်စု ၃၀၀၀ ကျော်အတွက် Satellite TV စနစ်များ တပ်ဆင်ပေးခဲ့ပြီး “Information gap” ကို Lao Asia Pacific Satellite ကုမ္ပဏီနှင့်ပူးပေါင်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဂြိုဟ်တုနည်းပညာရပ်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် ကုမ္ပဏီမှ ထုတ်လုပ်ထားသော နည်းပညာမြင့် ယာဉ်/ယန္တရားများနှင့် စက်ပစ္စည်းများ အသုံးပြု၍ အရည်အသွေးမြင့် စောင့်ကြည့်ကောင်းကင်ဓာတ်ပုံရိုက်ကူးရေး လုပ်ငန်းများကဲ့သို့ အခြားဝန်ဆောင်မှု လုပ်ငန်းများ အကြောင်း၊ ပညာရေးကဏ္ဍ အပါအဝင် ကဏ္ဍများစွာတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေမှုများ စသည့် နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် ကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြပြီး သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ ကုမ္ပဏီမှ တာဝန်ရှိသူများက အသီးသီး ရှင်းလင်းဖြေကြားကြသည်။

China Rocket Co., Ltd သည် China Aerospace ၏ လုပ်ငန်းခွဲဖြစ်ပြီး Lao Asia–Pacific Satellite Co., Ltd နှင့်အတူ မြန်မာနိုင်ငံသားပိုင် Borderless Broadcast Co., Ltdနှင့် ပူးပေါင်း၍ မြန်မာနိုင်ငံတွင် Direct to Home (DTH) စနစ်ဖြင့် ရုပ်သံလုပ်ငန်းများ ထုတ်လွှင့်ရန်နှင့် မြန်မာနိုင်ငံတွင် Satellite TV နှင့် Satellite အသုံးချမှု နယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

တပ်ကုန်းမြို့နယ်အတွင်းရှိ ဆည်၊ ကန်၊ တာတမံများမှ ယခုနှစ်မိုးရာသီစိုက်ပျိုးမည့် မိုးစပါးလျာထားဧက ၁၇၄၈၃ ဧကကို စိုက်ပျိုးရေများ စတင်ပေးဝေ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်း ဆည်၊ ကန်၊ တာတမံများမှ ယခု ၂၀၂၃–၂၀၂၄ ခုနှစ် မိုးရာသီအတွက် မိုးစပါး ၁၇၄၈၃ ဧကလျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ မိုးစပါးအတွက် ဆည်ရေကို ဇူလိုင် ၁၅ ရက်မှ စတင်ကာ ပေးဝေလျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

“ကျွန်တော်တို့အနေနဲ့ ယခုနှစ် မိုးစပါးအတွက် ဆည်ရေ စတင်ပေးနေပါပြီ။ အဓိကကတော့ ဆင်သေဆည်က ဧကအများဆုံးပါ။ ဆင်သေဆည်ကရေရှိတော့ ပိုပြီးပေးနိုင်တယ်။ ပြီးခဲ့တဲ့နှစ်က ရေဝင်ရောက်မှုများတဲ့အတွက် အခုလို မိုးစပါးအတွက် ရေအလုံအလောက်ပေးဝေနိုင်တာ ဖြစ်ပါတယ်။ ရေပေးဝေနေပြီဖြစ်တဲ့အတွက် ရေဝင်ရောက်တဲ့ လယ်တွေ ဒေသခံတောင်သူတွေ စတင်စိုက်ပျိုးနေကြပါပြီ။ တောင်သူတွေအတွက် မိုးစပါးအနေနဲ့ အဆင်ပြေမှာပါ။ နွေစပါးအတွက်တော့ ရေဝင်ရောက်မှုအပေါ်မူတည်ပြီး ပေးဝေရမှာဖြစ်တဲ့အတွက် ခန့်မှန်းလို့မရသေးပါ” ဟု တပ်ကုန်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ဇော်က ပြောသည်။

တပ်ကုန်းမြို့နယ်တွင် ၂၀၂၃–၂၀၂၄ ခုနှစ်အတွက် ဆည်၊ ကန်၊ တာတမံအလိုက် မိုးစပါး လျာထားဧကအနေဖြင့် ဆင်သေတမံမှ ၁၀၂၈၉ ဧက၊ မုန်ရေထိန်းတမံမှ ဧက ၄၂၀၀၊ ကင်းသာရေလှောင်တမံမှ ၅၀၄ ဧက၊ ပွဲစားရေလွှဲဆည်မှ ဧက ၁၈၇၀၊ ညောင်းကိုင်းရေလွှဲဆည်မှ ဧက ၆၂၀၊ ပုဂ္ဂလိက ကန်များမှ ၁၁၈၄၅ ဧက၊ အခြားနည်းမှ ၁၃၅၈ ဧကနှင့် မိုးကောင်းသောက်မှ ၁၅၇၅၉ ဧက စုစုပေါင်း ၄၆၄၄၅ ဧက လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဆည်တာတမံများမှ ရေပေးဝေရာတွင် လျာထားဧက ၁၇၄၈၃

ဧကရှိသည့်အနက် ဧက ၅၆၇၀ ရေဝင်ရောက်ပြီး စိုက်ပျိုးလျက်ရှိကာ ကျန်ရှိသည့် လယ်မြေများကိုလည်း ဆက်လက်ရေပေးဝေလျက်ရှိကြောင်း၊ အဆိုပါရေပေးဝေမှုများနှင့် မိုးစပါးစိုက်ပျိုးထားရှိမှုကို ဇူလိုင် ၂၄ ရက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ မှ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မောင်မွှေး

ထွန်းသစ်စ စက်မှုလုပ်ငန်းများ

ကိုချင်း

ထွန်းသစ်စ စက်မှုလုပ်ငန်းဆိုတာ ဘာလဲ

ထွန်းသစ်စ စက်မှုလုပ်ငန်းဆိုသည်မှာ ဖွံ့ဖြိုးတိုးတက်မှု၏ အစပိုင်းအဆင့်တွင်ရှိသော ထုတ်ကုန်အသစ် သို့မဟုတ် စိတ်ကူးသစ်တစ်ခုဖြင့် ဖွဲ့စည်းတည်ထောင်ထားသော စက်မှုလုပ်ငန်းစုတစ်ခုဖြစ်သည်။ ထွန်းသစ်စ စက်မှုလုပ်ငန်းတစ်ခုတွင် ပုံမှန်အားဖြင့် ကုမ္ပဏီအနည်းငယ်သာ ပါဝင်ပြီး နည်းပညာအသစ်များကို အဓိကထားလေ့ရှိသည်။ နည်းပညာတစ်ခုသည် တစ်စုံတစ်ခုအခက်ကြုံနေရချိန် ၎င်းနည်းပညာဟောင်းနေရာအား အစားထိုးမည့်အခါတွင် ထွန်းသစ်စ စက်မှုလုပ်ငန်းများ ပေါ်ပေါက်လာပါသည်။

ထွန်းသစ်စ စက်မှုလုပ်ငန်းများ (Emerging Industries) ကြောင့် ကုမ္ပဏီများ၏ စတော့ရှယ်ယာများသည်လည်း မကြာခဏ မငြိမ်မသက်ဖြစ်လေ့ရှိပြီး ဈေးနှုန်းအတက်အကျ အပြောင်းအလဲကြီးကြီးမားမားများကို ကြုံတွေ့ရနိုင်သည်။ အထူးသဖြင့် လုပ်ငန်းရပ်တည်ရန် ဝင်ငွေနည်းသေးသည့်အချိန် သို့မဟုတ် အမြတ်မရသေးသည့်အချိန်တွင် ထိန်းထားရန်ခက်နိုင်ပါသည်။ ထွန်းသစ်စ စက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်းမှာ အတော်လေးမြင့်မားသည့် စွန့်စားမှုများဖြစ်နိုင်သဖြင့် ကနဦးရင်းနှီးမြှုပ်နှံသူများသည် နောက်ထပ်ကုမ္ပဏီကြီးများမှ ဤလုပ်ငန်း၌ လာရောက်ရင်းနှီးမြှုပ်နှံကြရန် မျှော်လင့်ချက်ဖြင့် ကြိုးစားကြရပါသည်။

ထွန်းသစ်စ စက်မှုလုပ်ငန်းကို ဘယ်လိုနားလည်သလဲ

ထွန်းသစ်စ စက်မှုလုပ်ငန်းတစ်ခုသည် အမြတ်အစွန်းရရှိရန် နှစ်ပေါင်းများစွာ ကြာတတ်ပါသည်။ အစောပိုင်းလည်ပတ်မှု ကုန်ကျစရိတ်များမှာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး (R&D) ကုန်ကျစရိတ်များသည် အများဆုံးပါဝင်ပါသည်။ ထွန်းသစ်စ စက်မှုလုပ်ငန်းများမှ ပေါ်ပေါက်လာသော ထုတ်ကုန်၊ ဝန်ဆောင်မှု သို့မဟုတ် နည်းပညာကို လူများစွာက ကျယ်ကျယ်ပြန့်ပြန့် မသိနိုင်ကြသဖြင့် ခိုင်မာသည့် အမာခံဖောက်သည် မရှိနိုင်ပါ။ ထို့ကြောင့် ဈေးကွက်ရှာဖွေရေးစရိတ်များလည်း ကြီးမြင့်လာမည်ဖြစ်သောကြောင့် ထွန်းသစ်စ စက်မှုလုပ်ငန်းတစ်ခုရှိ ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံသူများနှင့် စားသုံးသူများကို ၎င်းတို့၏ ထုတ်ကုန်၊ ဝန်ဆောင်မှု သို့မဟုတ် နည်းပညာတို့၏ တန်ဖိုးအရည်အသွေးတို့ဖြင့် ဆွဲဆောင်ထားနိုင်ရမည်ဖြစ်သည်။ ထွန်းသစ်စ စက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကြီးစွာသောစွန့်စားမှုမှ ရရှိနိုင်သော ဆုလာဘ်တစ်ခုဖြစ်သည်။

စက်မှုလုပ်ငန်းသံသရာ

စက်မှုလုပ်ငန်းသံသရာစက်ဝန်းတွင် လုပ်ငန်းစတင်ခြင်း၊ တိုးတက်ခြင်း၊ တုန်လှုပ်ခြင်း၊ ရင့်ကျက်ခြင်းနှင့် ကျဆင်းခြင်း စသည့် အဆင့်ငါးဆင့် ပါဝင်

ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာသည့် လျှပ်စစ်သုံးမော်တော်ယာဉ်များကို တွေ့ရစဉ်။ (၂၀-၇-၂၀၂၃)

သည်။ ထွန်းသစ်စ စက်မှုလုပ်ငန်းများသည် ဝင်ငွေအနည်းငယ်သာရရှိခြင်း၊ အခြေခံစားသုံးသူမရှိခြင်း၊ ထောက်ပံ့ရေးကွင်းဆက်များ မဖွံ့ဖြိုးသေးခြင်း၊ ထုတ်ကုန်အသစ်မှာ လူအများနှင့် ရင်းနှီးမှုမရှိသေးခြင်းတို့ကြောင့် လုပ်ငန်းစတင်သည့်အဆင့်၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်ပါသည်။

ထွန်းသစ်စ စက်မှုလုပ်ငန်းများ၏ လက္ခဏာများ

ယှဉ်ပြိုင်သူနည်းခြင်း – ဖွံ့ဖြိုးတိုးတက်မှု အစောပိုင်းအဆင့်တွင်ရှိသော လုပ်ငန်းတစ်ခုသည် လုပ်ငန်းအနည်းငယ်သာ ပါဝင်နိုင်သဖြင့် လုပ်ငန်းအချင်းချင်း ပြိုင်ဆိုင်မှု နည်းပါးပါသည်။

တိုးတက်မှုအလားအလာကောင်းခြင်း – စက်မှုလုပ်ငန်းအသစ်များသည် လူတစ်ဦးချင်းစီအတွက် အလုပ်အကိုင်ဖန်တီးပေးခြင်းဖြင့် ဈေးကွက်ကို ချဲ့ထွင်နိုင်သည်။ လုပ်ငန်းသည် အမြတ်အစွန်းများလာပါက ဆက်လက်တိုး၍ ချဲ့ထွင်နိုင်သည်။ ဥပမာအားဖြင့် 3D ပရင်တာများနှင့် အလိုအလျောက်မောင်းနှင်နိုင်သည့် ယာဉ်များသည် အသစ်ဖန်တီးထားသော နည်းပညာများဖြစ်ပြီး နောက်ဆုံးပေါ် ခေတ်ရေစီးကြောင်းတစ်ခုအဖြစ် တိုးတက်မှု အလားအလာများ ဆက်လက်ပြသနေကြောင်း နည်းပညာလောကတွင် သတ်မှတ်ခံရပါသည်။

စွန့်စားမှုနှင့် မတည်ငြိမ်မှု မြင့်မားခြင်း – ထွန်းသစ်စ စက်မှုလုပ်ငန်းတစ်ခုတွင် လုပ်ငန်းတစ်ခုဖော်ဆောင်ခြင်းသည် လုပ်ငန်းလည်ပတ်မှုအတွက် ကုန်ကျစရိတ်ကာမိစေရန် လုံလောက်သောရန်ပုံငွေမပြည့်စုံပါက အလွန်အန္တရာယ်များပါသည်။ ၎င်းတို့၏ ထုတ်ကုန်အသစ်မှာ ဝယ်ယူသူ သို့မဟုတ် စားသုံးသူများနှင့် မရင်းနှီးသေးသောကြောင့် ဈေးကွက်ကို ရှာဖွေရန်မှာလည်း ခက်ခဲနေသေးသဖြင့် ယင်းလုပ်ငန်းအား ဝယ်ယူရန် သို့မဟုတ် ရင်းနှီးမြှုပ်နှံရန် ချီတုံချတုံဖြစ်စေသည်။

စီးပွားရေးအပိုင်း အားနည်းနေသေးသဖြင့် ဈေးနှုန်းကြီးမြင့်ခြင်း – စီးပွားရေး လုပ်ငန်းများသည် ထုတ်လုပ်မှုလုပ်ငန်းစဉ်များတွင် ထိရောက်မှုရှိမှသာ ဈေးနှုန်းချိုသာစွာဖြင့် ထုတ်ကုန်ယူနစ်များ ပိုမိုထုတ်လုပ်နိုင်သောကြောင့် အတိုင်းအတာတစ်ခုအထိ သက်သာရာ ရနိုင်ပါသည်။ ထွန်းသစ်စ စက်မှုလုပ်ငန်းတစ်ခုရှိ စီးပွားရေးလုပ်ငန်းများသည် ထိရောက်သော ထောက်ပံ့ရေးကွင်းဆက်နှင့် ဖြန့်ဖြူးရေးလမ်းကြောင်းကို ဖန်တီးရှာဖွေနေဆဲဖြစ်သောကြောင့် စီးပွားရေးအပိုင်း၌ အတိုင်းအတာတစ်ခုအထိ အားနည်းနေပါသည်။

လုပ်ငန်းနယ်ပယ်သို့ ဝင်ရောက်ရန် အတားအဆီး နည်းပါးခြင်း – ပြိုင်ဘက် အနည်းငယ်သာရှိသောကြောင့် ဈေးကွက်အတွင်းသို့ ဝင်ရောက်ရန် လွယ်ကူပါသည်။ ကုမ္ပဏီများသည် လုံလောက်သောငွေကြေးအရင်းအမြစ်များနှင့် အလားတူထုတ်ကုန်တစ်ခုကို တီထွင်ဖန်တီးရန် အသိပညာရှိသရွေ့ ဈေးကွက်ထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။

ထွန်းသစ်စ စက်မှုလုပ်ငန်းများအတွက် ကြုံတွေ့နိုင်သည့် အတားအဆီးများ

နယ်ပယ်သစ်တွင် ယှဉ်ပြိုင်ရန် လိုအပ်သော ကျွမ်းကျင်မှုအဆင့်ကြောင့် ထွန်းသစ်စ စက်မှုလုပ်ငန်းသည် နယ်ပယ်အတွင်းဝင်ရောက်ရန် အတားအဆီးများ မြင့်မားနိုင်သည်။ အဆိုပါ အတားအဆီးများမှာ ထုတ်ကုန်များ ထုတ်လုပ်ရန်အတွက် အရင်းအမြစ်များ ရှားပါးခြင်း၊ စီးပွားရေးကို အတိုင်းအတာတစ်ခုအထိ အခွင့်ကောင်းမယူနိုင်ခြင်း၊ လုံလောက်သော ဘဏ္ဍာငွေမရှိခြင်း၊ အစိုးရကန့်သတ်ချက်များရှိခြင်း၊ တည်ထောင်ထားနှင့်ပြီးသော ကုမ္ပဏီများထံမှ ပြိုင်ဆိုင်မှုများနှင့် ကြုံရခြင်းတို့ ပါဝင်သည်။

သို့သော်လည်း ဤအတားအဆီးများကြားမှ လုပ်ငန်းနယ်ပယ်အသစ်တစ်ခုသို့ ဝင်ရောက်လာသူများသည် အားသာချက်ကို စောစောသိရှိရန် ကြိုးပမ်းခြင်းအားဖြင့် ဝင်ရောက်လာကြလိမ့်မည်။ ၎င်းတို့သည် ငွေကြေးတတ်နိုင်လျှင် ကျွမ်းကျင်သော ပုဂ္ဂိုလ်များကို ငှားရမ်း၍ လွှမ်းမိုးမှုအားကောင်းသော အကြံပေးများ၏ ဝန်ဆောင်မှုများဖြင့် လုံခြုံစိတ်ချစွာ လုပ်ငန်းအား လည်ပတ်စေမည်ဖြစ်သည်။ သို့သော် အဆိုပါ ဝင်ရောက်လာသူ အများစုသည် ၎င်းတို့၏ ထုတ်ကုန် သို့မဟုတ် ဝန်ဆောင်မှုကို ဈေးကွက်အတွင်းသို့ ယူဆောင်လာရာတွင် ကျွမ်းကျင်မှု သို့မဟုတ် လုံလောက်သော ရန်ပုံငွေမရှိသည်ကို နောက်ဆုံးတွင် ကြုံတွေ့တတ်ကြပြီး တစ်ချိန်ချိန်တွင် လုံးလုံးကျရှုံးသွားကြပါသည်။

စားသုံးသူအပေါ် သစ္စာရှိမှုနှင့် ထုတ်ကုန်နှင့် အကျွမ်းတဝင်ရှိစေခြင်း– လူအများစုသည် ထွန်းသစ်စ စက်မှုလုပ်ငန်းများအကြောင်း သတိမထားမိကြသောကြောင့် အလားအလာရှိသော ထုတ်ကုန်အသစ် သို့မဟုတ် ဝန်ဆောင်မှုအသစ်များ၏ အားသာချက်များအား အကျွမ်းတဝင်ရှိစေရန် ကုမ္ပဏီများသည် ဈေးကွက်ရှာဖွေရေးတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ကူညီပေးရန် လိုအပ်ပါသည်။

ငွေကြေးမြှုပ်နှံမှု အားနည်းခြင်း – ရင်းနှီးမြှုပ်နှံသူများသည် အပြည့်အဝ မဖွံ့ဖြိုးသေးသော လုပ်ငန်းတစ်ခုတွင် ရင်းနှီးမြှုပ်နှံရန် တွန့်ဆုတ်နေနိုင်ပါသည်။ ဤကုမ္ပဏီများနှင့် ဆက်နွယ်နေသော ငွေကြေးဆိုင်ရာ အန္တရာယ်များ ပိုမိုကြီးမားလာတတ်သောကြောင့် ဖြစ်သည်။ သို့သော်လည်း မကြာသေးမီ နှစ်များအတွင်း စွန့်ဦးတီထွင်သူများသည် အရင်းအနှီးရင်းမြစ်များကို လက်လှမ်းမီလာကြသည်။ ယခုအခါ ထွန်းသစ်စ စက်မှုလုပ်ငန်းများကို ငွေကြေးထောက်ပံ့အားပေးရန် ရည်ရွယ်ချက်ဖြင့် **ကုန်သွယ်မှုအတွက် ဖလှယ်သော ငွေကြေးရန်ပုံငွေ (Exchange traded fund – ETFs) အများအပြားကိုလည်း တည်ထောင်လာကြပါသည်။**

ကန့်သတ်ချက်များနှင့် စည်းမျဉ်းများရှိခြင်း – စက်မှုလုပ်ငန်းအသစ်ဖြစ်ပြီး မရင်းနှီးသေးသောကြောင့် အစိုးရသည် လုပ်ငန်းဆောင်ရွက်မှုများအပေါ် ကန့်သတ်ချက်များ သို့မဟုတ် စည်းမျဉ်းများ ချမှတ်နိုင်သည်။ ၎င်းသည် လုပ်ငန်းများကို ထိရောက်စွာ လည်ပတ်ရန်ဆောင်ရွက်ရာတွင် အတားအဆီးများ ကြုံရနိုင်သည်။

သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ကုန်ကျစရိတ်မြင့်မားခြင်း – လုပ်ငန်းအသစ်များသည် ထုတ်ကုန်အသစ်တစ်ခုကို ထုထောင်ရန်အတွက် လုံလောက်သော ဝန်ထမ်း၊ အရင်းအမြစ်များနှင့် အသိပညာများ မပိုင်ဆိုင်ကြပါ။ ထို့ကြောင့် ၎င်းတို့သည် သုတေသနနှင့် ဖွံ့ဖြိုးရေးအတွက် ငွေကြေးများစွာ သုံးစွဲရန် လိုအပ်ပါသည်။

ပေးသွင်းသူမရှိခြင်း – ထုတ်ကုန်အသစ်ပေါ်မူတည်၍ လုပ်ငန်းများအတွက် လုံလောက်သော ကုန်ကြမ်းများကို ပေးသွင်းရန် ခက်ခဲနိုင်သည်။ ထို့ကြောင့် ကုန်ပစ္စည်းပေးသွင်းသူများသည် မှန်ကန်သောကုန်ကြမ်းများ ရှာဖွေရာ၌ အမျိုးမျိုးသော အခက်အခဲများ ကြုံတွေ့နိုင်ခြင်းကြောင့် လုပ်ငန်းသစ်တစ်ခုနှင့်လက်တွဲရန် တွန့်ဆုတ်နေနိုင်ပါသည်။

ထွန်းသစ်စ စက်မှုလုပ်ငန်းများအတွက် အလားအလာရှိသော မဟာဗျူဟာများ

တန်ဖိုးနည်းခြင်း။ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ပြိုင်ဘက်များနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းချိုသာစွာဖြင့် ဈေးကွက်တွင် အားသာချက်ရရှိစေရန် ကုန်ကျစရိတ်သက်သာအောင် ဆောင်ရွက်ခြင်းမှာ မဟာဗျူဟာတစ်ခုဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် စားသုံးသူများ၏ ဝယ်လိုအားကို တိုးစေပြီး လုပ်ငန်းမှာလည်း ဝင်ငွေတိုးစေနိုင်သည်။

ကွဲပြားခြင်း။ ကုမ္ပဏီများသည် တစ်မူထူးခြားပြီး ကွဲပြားခြားနားသော ထုတ်ကုန်များကို ပံ့ပိုးပေးနိုင်ရန် ရည်မှန်းချက်ထားကြသည်။ သို့မှသာ ၎င်းတို့၏ ပြိုင်ဘက်များနှင့် အလှမ်းကွာစေပြီး ပြိုင်ဆိုင်မှု အားသာချက်ကို ရရှိစေမည်ဖြစ်သည်။

မဟာဗျူဟာကျသောမိတ်ဖက်။ ကုမ္ပဏီနှစ်ခု သို့မဟုတ် ထို့ထက်ပိုသော ကုမ္ပဏီများသည် ထုတ်ကုန်အသစ်တစ်ခုကို အတူတကွထုတ်လုပ်ရန် မိတ်ဖက်အဖွဲ့တစ်ခု ဖွဲ့စည်းနိုင်သည်။ အချင်းချင်း ပြိုင်ဘက်ဖြစ်မည့်အစား ကုမ္ပဏီများသည် အမြတ်အစွန်းတိုးရန် အချင်းချင်း ပူးပေါင်းလုပ်ဆောင်နိုင်သည်။

စာမျက်နှာ ၉ သို့

○ **ထွန်းသစ်စ စက်မှုလုပ်ငန်းများမှ ပေါ်ပေါက်လာသော ထုတ်ကုန်၊ ဝန်ဆောင်မှု သို့မဟုတ် နည်းပညာကို လူများစွာက ကျယ်ကျယ်ပြန့်ပြန့် မသိနိုင်ကြသဖြင့် ခိုင်မာသည့် အမာခံဖောက်သည် မရှိနိုင်ပါ။ ထို့ကြောင့် ဈေးကွက်ရှာဖွေရေးစရိတ်များလည်း ကြီးမြင့်လာမည်ဖြစ်သောကြောင့် ထွန်းသစ်စ စက်မှုလုပ်ငန်းတစ်ခုရှိ ကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံသူများနှင့် စားသုံးသူများကို ၎င်းတို့၏ ထုတ်ကုန်၊ ဝန်ဆောင်မှု သို့မဟုတ် နည်းပညာတို့၏ တန်ဖိုးအရည်အသွေးတို့ဖြင့် ဆွဲဆောင်ထားနိုင်ရမည်ဖြစ်သည်။ ထွန်းသစ်စ စက်မှုလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံခြင်းသည် ကြီးစွာသော စွန့်စားမှုမှ ရရှိနိုင်သော ဆုလာဘ်တစ်ခုဖြစ်**

မြစ်ဆုံခရီးစဉ်ဒေသအား မြစ်ကြီးနားမြို့၏ ခရီးသွားပြယုဂ်တစ်ခုဖြစ်လာစေရေး ဝိုင်းဝန်းကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၂၅

ဧရာဝတီမြစ်အဖြစ် စတင်မြစ်ဖျားခံစီးဆင်းရာ မေခနှင့်မလိခမြစ်ပေါင်းဆုံရာ ဒေသဖြစ်သည့် မြစ်ဆုံဒေသအား မြစ်ကြီးနားမြို့၏ ခရီးသွားပြယုဂ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စီမံဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာများ၏ ကွင်းဆင်းစစ်ဆေးဆောင်ရွက် ခဲ့မှုများအပေါ် တွေ့ရှိချက်များ၊ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၅ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်၏ ရေမြေတောတောင်သဘာဝအလှများကို အခြေခံ၍ ပြည်တွင်း ပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်ရေး ရှိရင်းစွဲခရီးစဉ်ဒေသများအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ခရီးစဉ်ဒေသများကို စနစ်တကျရေးဆွဲအကောင်အထည်ဖော်ပြီး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ နိုင်ငံသားအားလုံးနှင့် သက်ဆိုင်ရာ ဧရာဝတီမြစ်ဆုံဒေသအား ခရီးသွားပြယုဂ်တစ်ခု အဆင့်မြှင့်တင်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြစ်ဆုံဒေသ၏ ရှိရင်းစွဲ မူလသဘာဝအလှအပများကို ပျက်စီးဆုံးရှုံးမှုမရှိစေဘဲ သန့်ရှင်းသပ်ရပ်စွာဖြင့် ပြည်တွင်းပြည်ပခရီးသွားများ ဆွဲဆောင်နိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ကချင်ပြည်နယ် ခရီးသွားလုပ်ငန်းစဉ်များအသင်း ဥက္ကဋ္ဌ ဦးတူးခေါင်က မြစ်ဆုံခရီးစဉ်ဒေသအတွက် အဆင့်မြှင့်တင်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ပထမ ငါးနှစ်တာကာလနှင့် ဒုတိယ ငါးနှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများကို လည်းကောင်း၊ ပြည်နယ်ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးခိုင်ဦးက မြစ်ဆုံခရီးစဉ်ဒေသ အဆင့်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာပေါင်းစုံပါဝင်သည့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ ဇူလိုင် ၁၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သော တွေ့ရှိချက်များ၊ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များကို လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံကိန်းများအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေ/ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးသပ်ရှင်းလင်းတင်ပြကြသည်။

တင်ပြဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က မြစ်ဆုံဒေသသည် ပြည်နယ်၏ ပြယုဂ်တစ်ခုဖြစ်သကဲ့သို့ ပြည်ထောင်စု၏ ပြယုဂ်တစ်ခုလည်းဖြစ်သည့်အတွက် လုပ်ငန်းစီမံကိန်းများကို အပိုင်းလိုက် သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ကြရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ ဧရာဝတီမြစ်ဆုံဒေသသည် မြစ်ကြီးနားမြို့နှင့် ၂၈ မိုင်ခန့်ကွာဝေးပြီး မော်တော်ယာဉ်ဖြင့် သွားမည်ဆိုပါက တစ်နာရီခွဲကျော်ကြာမြင့်မည်ဖြစ်သဖြင့် ခရီးသွားများ လွယ်ကူစွာ သွားလာနိုင်သည့်အပြင် ယနေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မြစ်ဆုံဒေသအဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပထမ ငါးနှစ်တာကာလအတွင်း မြစ်ဆုံသွားလမ်းနှင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ် (ပြည်ထောင်စုလမ်းမကြီး) လမ်းဆုံနေရာတွင် ကချင်တိုင်းရင်းသားတို့၏ ရိုးရာအမွေအနှစ်၊ အထိမ်းအမှတ်များပါဝင်သည့် မုခ်ဦးတည်ဆောက်ခြင်း၊ မြစ်ဆုံသွားလမ်း အဆင့်မြှင့်တင်ခင်းကျင်းဆောင်ရွက်ခြင်း၊ မြစ်ဆုံဧရိယာအတွင်း ကျယ်ဝန်းသည့် ကားပါကင်တည်ဆောက်ခြင်း၊ ဟောခန်းမ၊ ရိုးရာစားသောက်ဆိုင်၊ မြစ်ဆုံကျောက်ဖြင့် အလှဆင်ခြင်းလုပ်ငန်းဖော်ထုတ်ပြသခြင်း၊ မြေယာရှုခင်းပြုပြင်၍ အလှပန်းဥယျာဉ်ဆောင်ရွက်ခြင်းနှင့် ကလေးကစားကွင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ဘာသာစကားသင်္ကေတဥယျာဉ်ငယ် ပြိုင်ပွဲနှင့်ယှဉ်ကျေးမှုဆိုင်ရာ ခင်းကျင်းပြသမှုပြိုင်ပွဲကျင်းပ

မန္တလေး ဇူလိုင် ၂၅

မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်တွင် သက်ဆိုင်ရာ ဘာသာစကား သင်္ကေတဥယျာဉ်ငယ်ပြိုင်ပွဲများနှင့် ယှဉ်ကျေးမှုဆိုင်ရာ ခင်းကျင်းပြသမှုပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို တက္ကသိုလ် ပင်မဆောင်ရှေ့ ပန်းဥယျာဉ်၌ ဇူလိုင် ၂၁ ရက်က ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်တင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအပြီးတွင် ဘာသာစကား သင်္ကေတ ဥယျာဉ်ငယ်ပြိုင်ပွဲများ ကျင်းပရာ ပြိုင်ပွဲဝင်အထူးပြု ဘာသာစကား ကိုးခု၏ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ပန်းဥယျာဉ်များ ဖွဲ့စည်းတည်ထောင်မှု၊ သက်ဆိုင်ရာ ဘာသာစကား သင်္ကေတ အထိမ်းအမှတ် ဖော်ဆောင်ထားမှုများကို ပါမောက္ခချုပ်နှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ဆက်လက်၍ ယှဉ်ကျေးမှုဆိုင်ရာ ခင်းကျင်းပြသမှုပြိုင်ပွဲများကို Cultural Room တွင် ကျင်းပရာ အထူးပြုဘာသာစကားကိုးခု၏ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ယှဉ်ကျေးမှုဆိုင်ရာ ခင်းကျင်းပြသမှုများကို ပါမောက္ခချုပ်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုကြပြီး အကဲဖြတ်ဒိုင် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းရာ ဘာသာစကားသင်္ကေတ ဥယျာဉ်ငယ်ပြိုင်ပွဲတွင် ပထမဆုရရှိသော ထိုင်းဘာသာဌာနကို ပါမောက္ခချုပ်က လည်းကောင်း၊ ဒုတိယဆုရရှိသော ဂျာမန်ဘာသာဌာနကို ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးသက်သက်ဝင်းက လည်းကောင်း၊ တတိယဆုရရှိသော မြန်မာဘာသာဌာနကို သင်တန်းရေးရာဌာန ဌာနမှူး ဒေါ်မာမာအေးက လည်းကောင်း၊ ယှဉ်ကျေးမှုဆိုင်ရာ ခင်းကျင်းပြသမှုပြိုင်ပွဲတွင် ပထမဆုရရှိသော မြန်မာဘာသာဌာနကို ပါမောက္ခချုပ်က လည်းကောင်း၊ ဒုတိယဆုရရှိသော ရုရှားဘာသာဌာနကို ဒုတိယပါမောက္ခချုပ် ဒေါက်တာကြည်ကြည်မိုးက လည်းကောင်း၊ တတိယဆုရရှိသော ဂျာမန်ဘာသာဌာနကို စီမံ/ဘဏ္ဍာဌာန ဌာနမှူး ဒေါ်မြသီတာဦးက လည်းကောင်း ဆုများပေးအပ်ခဲ့ပြီး နှစ်သိမ့်ဆုများကိုလည်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြန်မာ့အလင်း

စာမျက်နှာ ၈ မှ

ဖက်စပ်လုပ်ကိုင်ခြင်း။ ဖက်စပ်လုပ်ငန်းတစ်ခုတွင် ပိုင်ဆိုင်မှုများ၊ အရင်းအမြစ်များနှင့် လည်ပတ်မှုများကို ပေါင်းစပ်ရန်အတွက် သီးခြားလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖွဲ့စည်းရန် အနည်းဆုံးကုမ္ပဏီနှစ်ခု ပါဝင်ပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းဖြင့် ကုမ္ပဏီများသည် ပိုမိုကြီးမားသော ဈေးကွက်တစ်ခုသို့ ဝင်ရောက်နိုင်ပြီး ငွေကြေးဆိုင်ရာ စွန့်စားမှုများကို မျှဝေနိုင်စေပါသည်။

Emerging Industries ၏ ဥပမာများ

ယနေ့ခေတ်တွင် ထွန်းသစ်စ စက်မှုလုပ်ငန်း နည်းပညာအသစ်များဖြစ်သည့် စွမ်းအင်သစ်သုံးယာဉ်များ (New Energy Vehicles)၊ စက်ရုပ်များ၊ အစစ်အတိုင်းမြင်ရသည့် ပုံရိပ်ရောင်နည်းပညာ (virtual reality)၊ 5G ကွန်ရက်များ၊ Blockchain နည်းပညာ၊ ဉာဏ်ရည်တု (artificial intelligence–AI) နှင့် အလိုအလျောက်မောင်းနှင်သည့်ကား (self– driving car) တို့ကို အာရုံစိုက်လာကြသည်။ ဇီဝနည်းပညာလုပ်ငန်း (biotechnology industry) သည် ထွန်းသစ်စ စက်မှုလုပ်ငန်းတစ်ခု သို့မဟုတ် တိုးတက်မှု အလားအလာရှိသည့် ကဏ္ဍတစ်ခုဟု ယူဆနိုင်ပြီး immunotherapy နှင့် မျိုးဗီဇကုထုံးများတွင် အောင်မြင်မှုများ ကြုံတွေ့နေပါသည်။

ယခင်က ထွန်းသစ်စ စက်မှုလုပ်ငန်းများသည် ယနေ့ခေတ်တွင် ကောင်းမွန်စွာ ထူထောင်ထားသော စက်မှုလုပ်ငန်းများဖြစ်သည်ဟု ယူဆကြသည်။ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွင် ကမ္ဘာကြီးသည် အင်တာနက်ကို ထွန်းသစ်စလုပ်ငန်းတစ်ခုအဖြစ် သိရှိခဲ့သည်။ နည်းပညာသစ်၌ ရင်းနှီးမြှုပ်နှံရန် ရာနှင့်ချီသော ကုမ္ပဏီများကို ဖွဲ့စည်းခဲ့သည်။ Dotcom Bubble ကုမ္ပဏီသည် အင်တာနက်အခြေခံ စတော့ရှယ်ယာများတွင် နွားဈေးကွက်ကို လှုံ့ဆော်ပေးသည့် ကုမ္ပဏီအဖြစ် လျင်မြန်စွာ ပျံ့နှံ့လာပြီး ၂၀၂၂ ခုနှစ်များတွင် Dotcom Bubble ကုမ္ပဏီပြိုလဲပြီး အများသူငှာ ရောင်းဝယ်ဖောက်ကားသည့် ကုမ္ပဏီများစွာ ပြိုလဲသွားခဲ့သည်။ သို့သော် အင်တာနက် အခြေခံ ထွန်းသစ်စ စက်မှုလုပ်ငန်းအဖြစ် အခက်အခဲများကို ကျော်ဖြတ်နိုင်ခဲ့သော ကုမ္ပဏီများဖြစ်သည့် Google ၊ eBay နှင့် Amazon တို့မှာ ထွန်းသစ်စ အင်တာနက်လုပ်ငန်းအတွက် ကောင်းမွန်စွာ တည်ထောင်နိုင်ခဲ့ကြသော စံပြုသူများ ဖြစ်လာကြပါသည်။

ထည့်သွင်းစဉ်းစားရမည့် အရာများ

ရင်းနှီးမြှုပ်နှံသူအများအပြားသည် ထွန်းသစ်စ စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ၎င်းတို့၏ အစုရှယ်ယာများကို တိုးပွားလာစေရန် စိတ်ဝင်စားကြသည်။ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်မှု၏ အစောပိုင်းအဆင့်တွင်ရှိသော တစ်ဦးချင်း ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်သော စွန့်စားရမှုများသည် ရင်းနှီးမြှုပ်နှံသူ အများအပြားအတွက် အဟန့်အတား ဖြစ်စေပါသည်။

ကဏ္ဍအသစ်၊ နည်းပညာအသစ်များကို အားပေးသည့် **ကုန်သွယ်မှုအတွက် ဖလှယ်သော ငွေကြေးရန်ပုံငွေ (Exchange traded fund – ETFs)** သည် ရင်းနှီးမြှုပ်နှံသူများအတွက် စွန့်စားရမှု အချို့ကို လျော့ပါးစေပါသည်။ ဥပမာအားဖြင့် ဉာဏ်ရည်တုနှင့် စက်ရုပ်ကုမ္ပဏီများအတွက် အဓိကသီးသန့် ETFs များ ရှိပါသည်။ Blockchain ETFs သည်လည်း blockchain နည်းပညာပါဝင်သော ကုမ္ပဏီများ၌ ရင်းနှီးမြှုပ်နှံပါသည်။ Biotech ETFs များသည်လည်း ဆေးပညာတိုးတက်မှုအတွက် ပြုလုပ်နေသည့် ကုမ္ပဏီများတွင် ရင်းနှီးမြှုပ်နှံသူများ ထိတွေ့မှုရရှိစေရန် ရေပန်းစားလာပါသည်။

ထို့ကြောင့် ထွန်းသစ်စ စက်မှုလုပ်ငန်းများကို နေစတင်ထွက်လာသည့် စက်မှုလုပ်ငန်းများဟုလည်း ခေါ်ဆိုကြပါသည်။ ယခုအခါ ကမ္ဘာ့လောင်စာဆီဈေးနှုန်း မြင့်တက်လာမှု၏ အကျိုးဆက်အဖြစ် စွမ်းအင်သစ်သုံးယာဉ်များ (New Energy Vehicles) သည်လည်း နည်းပညာသစ် ထွန်းသစ်စလုပ်ငန်းအဖြစ် ပေါ်ထွက်လာပြီး ယင်းတို့အနက် လက်ရှိအချိန်တွင် လျှပ်စစ်ကားများ (Electric Vehicles–EV) အား ကမ္ဘာတွင် လူအများ၏ အာရုံစိုက်မှု အများဆုံးရရှိနေသည့် နည်းပညာသစ်ဖြစ်လာနေပါသည်။ လျှပ်စစ်အသုံးပြုယာဉ်များနှင့် ဆက်စပ်သည့် ဓာတ်အားသွင်းခြင်း (Charging) နှင့် ပတ်သက်၍ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး နည်းပညာသည်လည်း Electric Vehicles–EV နည်းပညာသစ်နှင့် ယှဉ်တွဲပေါ်ထွက်လာသည့် ထွန်းသစ်စ စက်မှုလုပ်ငန်း နည်းပညာသစ်ဖြစ်လာပါသည်။

ထို့အပြင် ကမ္ဘာ့စီးပွားရေး၏ အနာဂတ်သည် ဉာဏ်ရည်တု (Artificial Intelligence – AI) တွင်လည်း တည်ရှိနေပါသည်။ AI သည် ၂၀၂၃ ခုနှစ်၏ အလျင်မြန်ဆုံး ကြီးထွားလာသော စက်မှုလုပ်ငန်းတစ်ခုဖြစ်လာမည်ဟု မျှော်လင့်ထားကြပြီး တန်ဖိုးအားဖြင့် $328.34 ဘီလီယံခန့်ရှိနေပြီဟု ခန့်မှန်းထားကြပါသည်။ လက်ရှိအချိန်တွင် AI သည် ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဏ္ဍာရေးနှင့် သယ်ယူပို့ဆောင်ရေးကဲ့သို့သော လုပ်ငန်းအများအပြားကို တော်လှန်ပြောင်းလဲလာခဲ့ပြီး အခြားကဏ္ဍများတွင်လည်း မည်သို့ပါဝင်ပြောင်းလဲလာမည်ကို ကမ္ဘာတစ်ဝန်း အာရုံစိုက်မိနေသည့် ထွန်းသစ်စ နည်းပညာသစ်လုပ်ငန်းဖြစ်လာပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား

- https://www.investopedia.com/terms/e/emergingindustry
- https://corporatefinanceinstitute.com/resources/valuation/emerging–industry/

စစ်ရာဇဝတ်မှုများနှင့်အကြမ်းဖက်မှုများ၏ အန္တရာယ်

•••••• မင်းခန့်ကျော်(ဥပဒေ) ••••••

ယနေ့ကာလတွင် တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့သည် စစ်ရာဇဝတ်မှုများ (War Crimes)ကျူးလွန်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများနှင့် အကြမ်းဖက်မှုများကျူးလွန်နေသည့် အကြမ်းဖက်သမားများ၏ အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လက်နက်ကိုင်သောင်းကျန်းမှုကို နှိမ်နင်းသည့်စစ်ဆင်ရေးများ ဆောင်ရွက်နေရသလို အကြမ်းဖက်မှုတိုက်ဖျက်သည့် စစ်ဆင်ရေးများကိုလည်း ဆောင်ရွက်နေရပါသည်။ တပ်မတော်သားများသည် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေဟု ယနေ့ခေတ်တွင် ခေါ်ဆိုနေကြသည့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေများကို လေ့လာဆည်းပူးထားသည့် အားလျော်စွာ လက်နက်ကိုင်ပဋိပက္ခ အသွင်သဏ္ဌာန်ရှိသည့် သောင်းကျန်းမှုနှိမ်နင်းရေး စစ်ဆင်မှုများကို ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိပါသည်။ အရပ်သားများနှင့် အရပ်ဘက်ဆိုင်ရာများမဟုတ်သည့် စစ်ရေးရည်မှန်းချက်များနှင့် အကြမ်းဖက်သမားကိုသာ အဓိကထား တိုက်ခိုက်လျက်ရှိပါသည်။

ပြည်သူလူထု အဓိကထား အသုံးပြုသည့် လမ်းတံတားများဖျက်ဆီး

သို့ရာတွင် **အချို့သောသောင်းကျန်းသူများသည် ခုခံတိုက်ခိုက်ခြင်းမရှိသည့် မြို့ရွာများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ပြည်သူလူထုက ပေးဆောင်ထားသည့် အခွန်ဘဏ္ဍာများဖြင့် တည်ဆောက်ထားပြီး ပြည်သူလူထုက အဓိကထား အသုံးပြုသည့် လမ်းတံတားများကို ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် စစ်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်ပါသည်။** စစ်ရာဇဝတ်မှုကို နိုင်ငံတကာရာဇဝတ်တရားရုံး ဥပဒေတွင် ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဆိုင်ရာ စစ်ရာဇဝတ်မှု၏ အင်္ဂါရပ်များအနက်မှ အဓိကကျသည့်အချက်များကို ကောက်နုတ်တင်ပြသွားပါမည်။

ဂျီနီဗာကွန်ဗင်းရှင်းများကို ကြီးလေးစွာ ချိုးဖောက်ခြင်းတွင်ပါဝင်သည့် အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ စစ်ရေးလိုအပ်ချက်အတွက် မဟုတ်ဘဲ ကြီးမားကျယ်ပြန့်စွာဖျက်ဆီးခြင်းနှင့် ပစ္စည်းဥစ္စာများကိုသိမ်းပိုက်ခြင်းတို့အား အကြောင်းမဲ့ တမင်လုပ်ဆောင်ခြင်း၊ ဓားစာခံအဖြစ်ဖမ်းဆီးခြင်း၊ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများတွင် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာဥပဒေနှင့် ဓလေ့ထုံးစံများကို ချိုးဖောက်ခြင်းတွင်ပါဝင်သည့် အရပ်သားပြည်သူလူထု သို့မဟုတ် တိုက်ပွဲများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသည့် အရပ်သားပြည်သူ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား တမင်တိုက်ရိုက်တိုက်ခိုက်ခြင်း၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး တာဝန်အတွက် ပါဝင်လျက်ရှိသည့်အမှုထမ်းများ၊ တည်ဆောက်တပ်ဆင်ထားမှုများ၊ ပစ္စည်းပစ္စယများ၊ အဖွဲ့များ သို့မဟုတ် ယာဉ်များသည် အပြည်ပြည်ဆိုင်ရာ လက်နက်ကိုင်ပဋိပက္ခဥပဒေအရ အရပ်သား သို့မဟုတ် အရပ်ဘက်ပစ္စည်းများကဲ့သို့ ကာကွယ်စောင့်ရှောက်ခွင့်ရထားစဉ်ကာလအတွင်း တမင်တိုက်ရိုက်တိုက်ခိုက်ခြင်း၊ စစ်ရေးပစ်မှတ် မဟုတ်သည့် ဘာသာရေး၊ ပညာရေး၊ အနုပညာ၊ သိပ္ပံပညာ သို့မဟုတ် အလှူဒါနအတွက်ဖြစ်သော အဆောက်အအုံများ၊ သမိုင်းဝင်အထိမ်းအမှတ်များ၊ ဆေးရုံများ၊ ဖျားနာသူများနှင့် ဒဏ်ရာရရှိထားသူများကို စုစည်းထားရှိသည့်နေရာများအား တမင်တိုက်ရိုက်တိုက်ခိုက်ခြင်း၊ အသက်(၁၅)နှစ်အောက် ကလေးငယ်များကို တိုက်ပွဲများတွင်အသုံးပြုခြင်းတို့သည် စစ်ရာဇဝတ်မှုများပင် ဖြစ်ပါသည်။

လက်နက်ကိုင်သောင်းကျန်းသူများက အထက်ဖော်ပြပါအချက်များတွင် အကျုံးဝင်သည့်လုပ်ရပ်များကို လုပ်ဆောင်နေကြခြင်းသည် စစ်ရာဇဝတ်မှုများကို ကျူးလွန်နေကြခြင်းဖြစ်ပါသည်။ ထိုသို့ စစ်ရာဇဝတ်မှုများကို ကျူးလွန်မှုများကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ နိုင်ငံတော်၏အခွန်ဘဏ္ဍာများ ဆုံးရှုံးခြင်းတို့ကိုဖြစ်ပေါ်စေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်စေပါသည်။

အခြားတစ်ဖက်တွင်လည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက်အုပ်စုများအဖြစ် ကြေညာထားသည့် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံဖြစ်သော PDF အမည်ခံအကြမ်းဖက်အုပ်စုများသည် လက်နက်ကိုင်ပဋိပက္ခနှင့် အကျုံးမဝင်သည့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်နေကြသူများ ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုနှိမ်နင်းရေးစစ်ဆင်မှုများကို ဆောင်ရွက်နေရခြင်းဖြစ်ပါသည်။

အကြမ်းဖက်အုပ်စုတစ်ခုခုကို ငွေကြေးထောက်ပံ့မှုသည် အကြမ်းဖက်မှုဖြစ်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေသည် ကုလသမဂ္ဂ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၁၀)အရ အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင် အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများသည် အကြမ်းဖက်မှုပင်ဖြစ်ပါသည်။ ထို့အပြင် အကြမ်းဖက်မှုကိုကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော အကြမ်းဖက်သမားတစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သော ငွေကြေးထောက်ပံ့မှုသည်လည်း အကြမ်းဖက်မှုဖြစ်ပါသည်။** CRPH ၊ NUG နှင့် ၎င်းတို့၏လက်ဝေခံဖြစ်သော PDF အမည်ခံ အကြမ်းဖက်အုပ်စုများသည် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့သတ်ဖြတ်ခြင်း၊ စွပ်စွဲချက်အမျိုးမျိုးဖြင့် သတ်ဖြတ်ခြင်း၊ အများပြည်သူအတွင်း ကြောက်ရွံ့ထိတ်လန့်မှုကိုဖြစ်စေသည့် မြို့ရွာများတွင် မိုင်းထောင်ဖောက်ခွဲခြင်း၊ စာသင်ကျောင်းများအပါအဝင် အများပြည်သူဆိုင်ရာအဆောက်အအုံများကို ဗုံးခွဲတိုက်ခိုက်ခြင်း၊ မီးရထားလမ်းများကို

စာမျက်နှာ ၁၁ သို့

> “ **အချို့သော သောင်းကျန်းသူများသည် ခုခံတိုက်ခိုက်ခြင်းမရှိသည့် မြို့ရွာများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ ပြည်သူလူထုက ပေးဆောင်ထားသည့် အခွန်ဘဏ္ဍာများဖြင့် တည်ဆောက်ထားပြီး ပြည်သူလူထုက အဓိကထားအသုံးပြုသည့် လမ်းတံတားများကို ဖျက်ဆီးခြင်းတို့ကို လုပ်ဆောင်လျက် ရှိပါသည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် စစ်ရာဇဝတ်မှုကို ကျူးလွန်ရာရောက်ပါသည်** ”

KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ကျုံ့အိတ်တံတားကို တွေ့ရစဉ်။

၁၈-၇-၂၀၂၃ ရက်နေ့က အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်စွာ မိုင်းခွဲဖျက်ဆီးမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ ဆောင်ရွက်ပြီးစီးနေသည့် ရထားလမ်းထိခိုက်ပျက်စီးမှုအခြေအနေ။

အကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် တံတားတစ်စင်းကို တွေ့ရစဉ်။

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါ အဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြန်မာ့မီးရထားပိုင် ရထားသံလမ်းဆက်ပြား၊ သံလမ်းဆက်မူလီများနှင့် သံလမ်းထိန်းကလစ်များ ဖြုတ်ယူဖျက်ဆီးမှုကြောင့် မန္တလေး-ရန်ကုန် ရထားလမ်းပိုင်းအတွင်း မြစ်ငယ်မှ ရွာသာကြီး ခရီးစဉ် ပြေးဆွဲသော ကုန်ရထားလမ်းချော်မှုဖြစ်ပွားစဉ်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ရက်စက်ကြမ်းကြုတ်စွာ မိုင်းခွဲတိုက်ခိုက်မှုကြောင့် ရထားလမ်း ထိခိုက်ပျက်စီးမှုအခြေအနေ။

မိုင်းပေါက်ကွဲ၍ ရထားသံလမ်း ထိခိုက်ပျက်စီးမှု။

စာမျက်နှာ ၁၀ မှ

ဖျက်ဆီးခြင်း၊ လမ်းတံတားများကို မိုင်းထောင် ဖျက်ဆီးခြင်း၊ ဆရာ ဆရာမများကို ခြိမ်းခြောက် ဖမ်းဆီးသတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်မှုများကို ကျူးလွန်လျက်ရှိကြပါသည်။

အဆိုပါအကြမ်းဖက်မှုများကို တိုက်ဖျက်ရေးသည် ပြည်သူတစ်ရပ်လုံး၏ အမျိုးသားရေးတာဝန် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးနှင့်နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်နေသည့်အချိန်တွင် စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ကျူးလွန်နေကြသည့် လက်နက်ကိုင်သောင်းကျန်းသူများ၊ အကြမ်းဖက် လုပ်ရပ်များကို ပြောင်ပြောင်တင်းတင်းကျူးလွန် နေကြသည့်အကြမ်းဖက်အုပ်စုများကြောင့် ပြည်သူများ စိုးရိမ်ကြောင့်ကြရခြင်း၊ နိုင်ငံတော်ဘဏ္ဍာများ လေလွင့်ဆုံးရှုံးခြင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်ဖြစ်ပေါ်စေခြင်းတို့ကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ အဆိုးဆုံးမှာ အကြမ်းဖက်သမားများ၏ အန္တရာယ်ကြောင့် အချို့သောကလေးငယ်များ ပညာသင်ကြားခွင့်ဆုံးရှုံးနေရခြင်း ဖြစ်ပါသည်။

❑ **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁၀)အရ အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံ အဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကို ဖြစ်စေ ပြင်းထန်စွာထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများသည် အကြမ်းဖက်မှုပင်ဖြစ်ပါသည်။ ထို့အပြင် အကြမ်းဖက်မှုကို ကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော အကြမ်းဖက်သမားတစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စု တစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သော ငွေကြေးထောက်ပံ့မှုသည်လည်း အကြမ်းဖက်မှုဖြစ်**

အကြမ်းဖက်မှုအန္တရာယ်များကို စုပေါင်းညီညွတ်မှုစွမ်းအားဖြင့် တားဆီးကာကွယ်

နိုင်ငံရေးနှင့် လူမျိုးရေးအစွန်းရောက်ပြီး လက်နက်ကိုင်ပဋိပက္ခကို ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် အသုံးချလျက်ရှိသည့် လက်နက်ကိုင် သောင်းကျန်းသူများ၏ စစ်ရာဇဝတ်မှုကျူးလွန်မှုများသည် နိုင်ငံတော်အစိုးရက မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေး ခရီးလမ်းအတွက် ခလုတ်တံသင်းများ ဖြစ်သကဲ့သို့ နိုင်ငံရေးဝါဒ မှိုင်းတိုက်ထားမှုကြောင့် အစွန်းရောက်အကြမ်းဖက် လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့်အကြမ်းဖက် အုပ်စုများသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့်အညီ ဆက်လက် ဆောင်ရွက်မည့် ရှေ့ခရီးလမ်းအတွက် ဆူးငြောင့်ခလုတ်များဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်နက်ကိုင် သောင်းကျန်းသူများ၏ စစ်ရာဇဝတ်မှုများနှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုအန္တရာယ် များကို နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တပ်မတော်တို့၏ စုပေါင်းညီညွတ်မှုစွမ်းအားဖြင့် တားဆီးကာကွယ် တိုက်ဖျက်သွားရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။ ။

ထီးချိုင့်မြို့နယ် တကောင်းနီကယ်စက်ရုံသို့ သွယ်တန်းထားသော လျှပ်စစ်ဓာတ်အားလိုင်း တာဝါတိုင်များ မိုင်းခွဲခံရသည့် မှတ်တမ်းဓာတ်ပုံ။

❖ **နိုင်ငံရေးနှင့် လူမျိုးရေးအစွန်းရောက်ပြီး လက်နက်ကိုင်ပဋိပက္ခကို ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် အသုံးချလျက်ရှိသည့် လက်နက်ကိုင် သောင်းကျန်းသူများ၏ စစ်ရာဇဝတ်မှုကျူးလွန်မှုများသည် နိုင်ငံတော် အစိုးရက မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေး ခရီးလမ်းအတွက် ခလုတ်တံသင်းများဖြစ်သကဲ့သို့ နိုင်ငံရေးဝါဒ မှိုင်းတိုက်ထားမှုကြောင့် အစွန်းရောက်အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်အုပ်စုများသည် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅) ရပ်နှင့်အညီ ဆက်လက် ဆောင်ရွက်မည့် ရှေ့ခရီးလမ်းအတွက် ဆူးငြောင့်ခလုတ်များဖြစ်**

မဲခေါင်-လန်ချန်းနိုင်ငံများအကြား စာကြည့်တိုက်များရှိ ရှားပါးစာပေအမွေအနှစ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးကွန်ရက်ထူထောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် မဲခေါင်-လန်ချန်း နိုင်ငံများအကြား စာကြည့်တိုက်များရှိ ရှားပါးစာပေအမွေအနှစ်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးကွန်ရက်ထူထောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက Video Message ဖြင့် အဖွင့်အမှာစကားပြောကြားရာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ အဓိကရည်ရွယ်ချက်မှာ မဲခေါင်ဒေသတွင်း နိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပြီး သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟနေခြင်းကို လျှော့ချရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်သွားရန်ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် မဲခေါင်-လန်ချန်း နိုင်ငံများရှိ စာကြည့်တိုက်နှင့် မော်ကွန်းတိုက်များတွင် စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေကြသည့် ပညာရှင်များ၏ နည်းပညာနှင့် အတွေ့အကြုံများကို လက်ဆင့်ကမ်း ဝေမျှပေးသည့်အတွက် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ ပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း။

မဲခေါင်-လန်ချန်း နိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေးပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှု၊ အတွေ့အကြုံများနှင့် နည်းပညာများဖလှယ်ခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့ဝင်နိုင်ငံများက သက်ဆိုင်ရာနိုင်ငံများရှိစာကြည့်တိုက်များ၊ မော်ကွန်းတိုက်များတွင် ထိန်းသိမ်းထားရှိသော ရှားပါးသည့် အထောက်အထားများ၊ စာပေအမွေအနှစ်များကို စီမံခန့်ခွဲမှု၊ ခေတ်မီနည်းစနစ်များဖြင့် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းထားမှု၊ သဘာဝဘေးအန္တရာယ်များကြောင့် ယင်းစာပေအထောက်အထားများတွင် ကျရောက်နိုင်သည့် အန္တရာယ်များကို ကြိုတင်ကာကွယ်မည့်နည်းလမ်းများနှင့် သက်ဆိုင်သည့် ခေါင်းစဉ်များကို ဖတ်ကြားသွားမည်ဖြစ်သဖြင့် ပိုမိုကောင်းမွန်သည့် ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လုပ်ဆောင်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး Mr. Pan Feng က Video Message ဖြင့် အမှာစကားပြောကြားပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) ဒုတိယဥက္ကဋ္ဌ ဦးဝင်းဇေယျာထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မဲခေါင်-လန်ချန်း စီမံကိန်းပေါ်ပေါက်လာပုံနှင့် မြန်မာနိုင်ငံစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်လုပ်ငန်းစဉ် အကျဉ်း Video Clip ကို ဖွင့်လှစ်ပြသပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတကာပညာရှင် Ms. Tian Zhouling နှင့် ပြည်တွင်းပညာရှင် ဦးမြင့်ကြိုင်တို့က အမှာစကားပြောကြားကြပြီး မဲခေါင်-လန်ချန်း (၆)နိုင်ငံမှ တစ်နိုင်ငံလျှင် စာတမ်းတစ်စောင်စီ ဖတ်ကြားခြင်း၊ မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

ဆွေးနွေးပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ)နှင့် မဲခေါင်ဒေသတွင်း နိုင်ငံများရှိ မြန်မာနိုင်ငံဆိုင်ရာ သံရုံးများမှ တာဝန်ရှိသူများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများမှ စာကြည့်တိုက်မှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်သည်ဟူသော စွပ်စွဲချက်များကို အကြောင်းပြု၍ မြန်မာနိုင်ငံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ၏နောက်ဆက်တွဲစာရင်းတွင် ၂၀၁၈ ခုနှစ်မှ စတင်ဖော်ပြခဲ့သည်။ သို့ရာတွင် ယင်းကဲ့သို့အကြမ်းဖက်မှုများ၏ ကျူးလွန်သူကို သက်သေပြရန် ခိုင်မာသောသက်သေအထောက်အထားမရှိပါ။ အစီရင်ခံစာတွင်မူ အစိုးရဆန့်ကျင်သည့်သတင်းရင်းမြစ်များမှ အခြေအမြစ်မရှိသောစွပ်စွဲချက်များ ထည့်သွင်းထားပြီး စွပ်စွဲထားသည့်ဖြစ်စဉ်များကို စိစစ်နိုင်ရန်အတွက် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာ၊ နေ့ရက်၊ အချိန်သို့မဟုတ် သင့်လျော်သည့်အချက်အလက်များမပါဝင်ကြောင်း တွေ့ရှိရသည်။ တစ်ဖက်တွင်လည်း ယခုနှစ်အစီရင်ခံစာ၌ ကော့ဘဇားရှိ စခန်းများတွင် ဖြစ်ပွားခဲ့သည့် လိင်အကြမ်းဖက်မှုများနှင့် ယင်းအမှုများကို ထိခိုက်နစ်နာစေသည့်နည်းလမ်းများဖြင့် ဖြေရှင်းလေ့ရှိသည့် စခန်းခေါင်းဆောင်များထံ ညွှန်းပို့လေ့ရှိကြောင်း ဖော်ပြပါရှိသည်။ စိတ်မကောင်းဖွယ်ပင် ယင်းကဲ့သို့ဖြစ်စဉ်များသည် ပျံ့နှံ့ဖြစ်ပွားလျက်ရှိပြီး စစ်တွေရှိနေရပ်စွန့်ခွာစခန်းတစ်ခုမှ စခန်းခေါင်းဆောင်တစ်ဦးက အမျိုးသမီး ၄၀ ကျော်ကို အဓမ္မပြုကျင့်ကြောင်း တိုင်ကြားသူ ၆ ဦးက ယခုနှစ် အစောပိုင်းတွင် အမှုဖွင့်တိုင်ကြားထားပြီး ယင်းအမှုများသည် ၂၀၁၂ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အကြားတွင် ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

အစီရင်ခံစာတွင် တိုင်ကြားမှုများ လက်ခံရရှိခြင်းမရှိကြောင်း ဝန်ခံထားသော်လည်း မှန်းဆချက်များကိုအခြေခံ၍ "သတင်းပို့မှုလျော့နည်းခြင်းဖြစ်သည်" ကောက်ချက်ချထားသည်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့များကကျူးလွန်သည့် လိင်အကြမ်းဖက်မှုဖြစ်စဉ်များ ပျံ့နှံ့နေသည့်တိုင် ယင်းကဲ့သို့ အချက်အလက်များကို ထည့်သွင်းဖော်ပြရန် ပျက်ကွက်ခြင်းကြောင့် အစီရင်ခံစာကို ပို၍ပင် မမျှတဖြစ်စေသည်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ၄ ဦးသည် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ ပဲကတိုးရွာ၌ မိန်းကလေးငယ် ၄ ဦး အပါအဝင် စုစုပေါင်း လူ ၇ ဦးကို အဓမ္မပြုကျင့်သတ်ဖြတ်ခဲ့သည်ဟုသိရှိရသည်။

အစီရင်ခံစာတွင် ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှု တားဆီးကာကွယ်ရေးအတွက် အစိုးရ၏များပြားသော ဆောင်ရွက်ချက်များကို ထိန်ချန်ထားခြင်းဖြင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေသည်။ မြန်မာနိုင်ငံကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းမှပယ်ဖျက်ရေးအတွက် ပဋိပက္ခနှင့်စပ်လျဉ်းသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ရေးဆိုင်ရာ ပူးတွဲကြေငြာချက် (Joint Communique) ကို မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ၇-၁၂-၂၀၁၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီကို ၂၆-၃-၂၀၁၉ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ အဆိုပါ အမျိုးသားအဆင့်ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၃၁-၃-၂၀၂၁ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို ၂၀၂၁ ခုနှစ် ဇွန်လတွင် အတည်ပြုချမှတ်ခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်၏ သဘောထားမှတ်ချက်များကိုလည်း သင့်လျော်သကဲ့သို့ ထည့်သွင်းရေးဆွဲထားသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါအမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့် ၎င်း၏အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အထူးကိုယ်စားလှယ်ထံသို့ သင့်လျော်ကောင်းမွန်စွာ မျှဝေအသိပေးလျက်ရှိသည်။ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို ၁၀-၁၁-၂၀၂၃ ရက်အထိ တစ်နှစ် သက်တမ်းတိုးဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အသိုက်အဝန်းသည် ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအရ မည်သည့်ပုံစံဖြင့်မဆို လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ဆန့်ကျင်သောအသိုက်အဝန်းဖြစ်သည်။ တပ်မတော်သားများသည် စည်းမျဉ်း၊ ကျင့်ဝတ်များကို အတိအကျလိုက်နာရန်လိုအပ်ကြောင်း အများကကောင်းစွာသိရှိကြသည်။ ပြစ်မှုကျူးလွန်သူများကို လုံးဝခွင့်မလွှတ်ရေးမူနှင့်အညီ အမြင့်ဆုံးပြစ်ဒဏ်အထိ အရေးယူအပြစ်ပေးလျက်ရှိသည်။ တွဲဖက်စစ်ရေးချုပ်ရုံးမှ ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းအကြမ်းဖက်မှု မဖြစ်ပွားစေရေးအတွက် ၂၄-၁၁-၂၀၂၁ ရက်တွင် စာအမှတ်၊ ၁/၈၅/၇၂၇/ရေး ၃ (ဂ) ဖြင့် ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အဆိုပါညွှန်ကြားချက်များကို တပ်မတော်လက်နက်ကိုင်တပ်ဖွဲ့များရှိ ရာထူးအဆင့် အားလုံးသို့ အသိပေးထားပြီး လိုက်နာမှုနှင့်ပတ်သက်၍ တင်းကျပ်စွာ စောင့်ကြည့်ဆောင်ရွက်လျက်ရှိသည်။ စစ်ဥပဒေချုပ်ရုံးနှင့် စစ်ဘက်ဆိုင်ရာသင်တန်းကျောင်းများတွင် ဥပဒေအသိပညာပေးရေးသင်တန်းများကို ပို့ချပေးလျက်ရှိပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးရေး အသိပညာပေးရေးအစီအစဉ်များလည်း ပါဝင်သည်။ ၂၀၂၂ ခုနှစ်အတွင်း အဆိုပါသင်တန်းများသို့ တပ်မတော်သား ၄၃,၀၀၀ ကျော် ပါဝင်တက်ရောက်ခဲ့သည်။

ထိန်းသိမ်းရေးစခန်းများနှင့် ပတ်သက်သော စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ သို့မဟုတ် မြန်မာအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တိုင်ကြားနိုင်သည်။ မြန်မာအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် အကျဉ်းထောင်များတွင် ပြုမူဆက်ဆံပုံများသည် အကျဉ်းသားများအား ပြုမူဆက်ဆံခြင်းဆိုင်ရာ ကုလသမဂ္ဂ၏ အနိမ့်ဆုံးစံသတ်မှတ်ချက်စည်းမျဉ်းများနှင့် ကိုက်ညီမှု ရှိ-မရှိ စစ်ဆေးရန်အတွက် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် မေလအထိ အကျဉ်းထောင် ၄၁ ခုသို့ ကွင်းဆင်းသွားရောက်ခဲ့သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံအမျိုးမျိုးနှင့်ပတ်သက်၍ တိုင်ကြားနိုင်ရန်အတွက် ၂၀၁၆ ခုနှစ်မှ စတင်သတ်မှတ်ထားသည့် Helpline ဖုန်းနံပါတ်အပြင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစ၍ Viber နှင့် Facebook စာမျက်နှာများကို တိုးချဲ့သတ်မှတ်ထားခဲ့သည်။ ၂၀၁၇ ခုနှစ်မှစ၍ လိင်ပိုင်းအကြမ်းဖက်ခံရသူများအား တစ်နေရာတည်းတွင် အကူအညီပေးနိုင်ရန် စင်တာ (One Stop Women Support Center – OSWSC) ၅ ခုကို ဖွင့်လှစ်ခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၂ ခုတွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ခဲ့သည်။ ယင်းစင်တာများတွင် ကျား-မ အခြေပြုအကြမ်းဖက်မှုခံခဲ့ရသူများအတွက် ခိုလှုံရာနေရာ၊ ဥပဒေပိုင်းအကူအညီပေးမှုနှင့် စိတ်လူမှုရေးပိုင်းဆိုင်ရာ အထောက်အပံ့များအပါအဝင် လိုအပ်သော ပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ ၂၀၂၂ ခုနှစ် မတ်လမှစ၍ ကျန်းမာရေးဝန်ကြီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ် ၄ ခုရှိ အထွေထွေဆေးရုံကြီး ၇ ခုတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုပေးသည့်စင်တာ (One Stop Crisis Centers – OSCC) ၇ ခုကို ဖွင့်လှစ်ခဲ့သည်။

အစီရင်ခံစာနှင့် ပတ်သက်သည့် တံခါးဖွင့်အစည်းအဝေးတွင် နိုင်ငံတော်သစ္စာဖောက်မှုဖြင့် တရားရင်ဆိုင်နေရသူ ကျော်မိုးထွန်း တက်ရောက်၍ မြန်မာနိုင်ငံအပေါ် အထင်အမြင်မှားစေမည့် မိန့်ခွန်း ပြောကြားခဲ့ကြောင်း သိရှိရသည်။ ယင်းသို့အစည်းအဝေးတွင် ပါဝင်တက်ရောက်မှုနှင့် နိုင်ငံကိုကိုယ်စားမပြုသည့် မိန့်ခွန်းပြောကြားခဲ့မှုတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကုလသမဂ္ဂရုံးများသို့ ကန့်ကွက်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် အစည်းအဝေးတွင် နိုင်ငံအချို့က မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး တရားလက်လွတ်နှင့် တစ်ဖက်သတ်ပြောဆိုချက်များကိုလည်း ကန့်ကွက်ပယ်ချသည်။

ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်၍ သိသာထင်ရှားသောဖြစ်စဉ်များမရှိဘဲ နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲတွင် မြန်မာနိုင်ငံအားဆက်လက်ထားရှိခြင်းသည် နိုင်ငံရေးသွတ်သွင်းမှုသက်သက်ဖြစ်ပြီး မြန်မာနိုင်ငံအပေါ် ရွေးချယ်ပစ်မှတ်ထားခြင်းဖြစ်သည်။ အစီရင်ခံစာတွင် ဖော်ပြထားသော အကြောင်းအရာများ ခိုင်လုံမှုမရှိခြင်းနှင့် မမျှတခြင်းတို့က ယင်းအစီရင်ခံစာသည် မြန်မာနိုင်ငံအား နိုင်ငံရေးအခြေခံဖြင့် သိက္ခာချရန် ကြိုးပမ်းမှုမျှသာဖြစ်ကြောင်း သက်သေပြလျက်ရှိသည်။ အစီရင်ခံစာတွင် ပါဝင်သော စွပ်စွဲချက်များသည် သက်သေအထောက်အထား ခိုင်လုံမှုမရှိခြင်း၊ ကျူးလွန်သူများကို အမြင့်ဆုံးပြစ်ဒဏ်များချမှတ်ခဲ့ခြင်းနှင့် ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို တားဆီးကာကွယ်ရန်အတွက် ပြည်တွင်းယန္တရားများ ချမှတ်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် မြန်မာနိုင်ငံကို အစီရင်ခံစာ၏ နောက်ဆက်တွဲစာရင်းတွင် ထည့်သွင်းထားခြင်းမှ ပယ်ဖျက်သင့်ကြောင်း မြန်မာနိုင်ငံက ခိုင်မာစွာ ယုံကြည်သည်။

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ
၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

ဇူလိုင် ၂၃ ရွေးကောက်ပွဲသည် တရားဝင်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် အခိုင်အမာပြောကြား

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်။

ဖနောင်ပင် ဇူလိုင် ၂၅

ဇူလိုင် ၂၃ ရွေးကောက်ပွဲသည် တရားဝင်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က အခိုင်အမာပြောကြားခဲ့သည်။ ဟွန်ဆန်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီသည် အမျိုးသားလွှတ်တော်နေရာ ၁၂၅ တွင် ၁၂၀ နေရာ ရရှိခဲ့သည်။

ရွေးကောက်ပွဲပြီးနောက် ဝန်ကြီးချုပ်သည် မဲရုံကိုသပိတ်မှောက်ရန် သို့မဟုတ် တရားမဝင်မဲပေးရန် နှိုးဆော်တိုက်တွန်းသူများကို ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်သည် တနင်္ဂနွေနေ့ညက ၎င်း၏လူမှုမီဒီယာအကောင့်တွင် အသံဖိုင်တစ်ခုကို တင်ခဲ့သည်။ အသံဖိုင်တွင် ရွေးကောက်ပွဲကို ကာကွယ်ထားသည်။ မဲပေးသူအရေအတွက် ၈၄ ရာခိုင်နှုန်းကျော်ရှိကြောင်း ၎င်းကပြောသည်။

ပယ်မဲများပေးရန် သို့မဟုတ် မဲရုံကို သပိတ်မှောက်ရန် အတိုက်အခံပါတီ တာဝန်ရှိသူများက တောင်းဆိုမှုများပြုလုပ်ခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပယ်မဲအရေအတွက် မည်မျှရှိမည်ဆိုသည်ကို စောင့်ကြည့်လျက်ရှိကြောင်း ဟွန်ဆန်က ပြောသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ရွေးကောက်ပွဲရလဒ်ကို ကြိုဆိုခဲ့သည်။ ဝန်ကြီးချုပ်၏ ဦးဆောင်မှုအောက်တွင် ကမ္ဘောဒီးယားပြည်သူ့ပါတီ အနိုင်ရရှိခဲ့ခြင်းကို ဂုဏ်ပြုခဲ့သည်။

အင်န်အိတ်ချ်ကေ

၂၀၂၃ ခုနှစ်တွင် နိုင်ငံခြားခရီးသွားဝင်ရောက်မှု နှစ်သန်းအထိရောက်ရှိရန် သီရိလင်္ကာခန့်မှန်းထား

ကိုလံဘို ဇူလိုင် ၂၅

၂၀၂၃ ခုနှစ် ဇူလိုင် ၂၀ ရက်အထိ သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၇၀၀၀၀၀ ကျော် လာရောက် လည်ပတ်ခဲ့ကြောင်း အရာရှိတစ်ဦးက ဇူလိုင် ၂၅ ရက်က ပြောကြားလိုက်သည်။

ဇူလိုင် ပထမရက် ၂၀ အတွင်း နိုင်ငံခြားခရီးသွား ၈၉၇၂၄ ဦး နိုင်ငံတွင်းသို့ လာရောက်လည်ပတ်ခဲ့ကြောင်း သီရိလင်္ကာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌ ပရီယမ်သာ ဖာနန်ဒိုကပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားခရီးသွား ၇၁၉၇၈ ဦးနှင့် ၂၀၂၁ ခုနှစ်တွင် ၁၉၄၄၉၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း တရားဝင်စာရင်းများအရ သိရသည်။

သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားငွေအမြောက်အမြား ရရှိသည့် လုပ်ငန်းများအနက် ဦးဆောင်လုပ်ငန်းတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လည်းကောင်း၊ နိုင်ငံရေးနှင့် စီးပွားရေးအကျပ်အတည်းများကြောင့် လည်းကောင်း ဆုတ်ယုတ်ခဲ့သည်။

သို့သော်လည်း ၂၀၂၃ ခုနှစ်တွင် နိုင်ငံ၏ ခရီးသွားကဏ္ဍသည် ပြန်လည်တိုးတက် ကောင်းမွန်လာခဲ့သည်။ ယခုနှစ်တွင် နိုင်ငံခြားခရီးသွား နှစ်သန်းကို ဆွဲဆောင်နိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။ **ဆင်ဟွာ**

လစ်ဗျား - အီတလီလေကြောင်းလိုင်း ပြေးဆွဲမှုစတင်မည်

ထရီပိုလီ ဇူလိုင် ၂၅

နှစ်ပေါင်း ၁၀ နှစ်နီးပါးကြာ ရပ်နားထားပြီးနောက် လစ်ဗျားနှင့် အီတလီနိုင်ငံကြား တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲမှုကို ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း လစ်ဗျားအစိုးရက ဇူလိုင် ၂၄ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဇူလိုင် ၂၄ ရက်တွင် အီတလီ လေကြောင်းလိုင်း အိုင်တီအေသည် ဝန်ကြီးချုပ် အက်ဒူလ်ဟာမက်ဒီဘီဘာကို တင်ဆောင်ကာ ရောမမှ ထရီပိုလီသို့ စမ်းသပ်ပျံသန်းပြေးဆွဲမှုစတင်ခဲ့ကြောင်း သိရသည်။

၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ဥရောပကော်မရှင်သည် လုံခြုံရေးအကြောင်းပြချက်များဖြင့် လစ်ဗျားလေကြောင်းလိုင်းအားလုံးကို ဥရောပလေပိုင်နက်အတွင်းသို့ ဝင်ရောက်ခွင့် ပိတ်ပင်တားမြစ်ခဲ့သည်။ **ဆင်ဟွာ**

ဂျပန်နိုင်ငံတစ်ဝန်း နေရာပေါင်း ၁၆၁ ခုတွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်လာ

တိုကျို ဇူလိုင် ၂၅

ဂျပန်နိုင်ငံတစ်ဝန်း၌ အပူချိန်မြင့်တက်လျက်ရှိပြီး ဇူလိုင် ၂၄ ရက်တွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ကို ကျော်လွန်လာကြောင်း ဂျပန်နိုင်ငံမိုးလေဝသအေဂျင်စီက ပြောသည်။

ဇူလိုင် ၂၄ ရက် မွန်းလွဲ ၃ နာရီအထိ ဂျပန်နိုင်ငံတစ်ဝန်း နေရာပေါင်း ၁၆၁ ခုတွင် အပူချိန် ၃၅ ဒီဂရီ သို့မဟုတ် ၎င်းနှင့်အထက်ရှိသည့်အတွက် အပူပြင်းဆုံးနေ့တစ်နေ့ဖြစ်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (ဂျီအမ်အေ) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဂွန်းမခရိုင် အိစဲစာကီမြို့၌ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် ၃၉ ဒသမ ၅ ဒီဂရီအထိရှိကာ အဆိုပါခရိုင် ကိယုမြို့တွင်လည်း ၃၉ ဒသမ ၂ ဒီဂရီအထိရှိခဲ့သည်။ ဟာတိုယာမမြို့တွင် ၃၉ ဒီဂရီ၊ ဆာနိုနှင့် ကိုဖုမြို့တို့တွင် ၃၈ ဒသမ ၇ ဒီဂရီ အပါအဝင် အခြားသော နေရာများတွင်လည်း အပူချိန်မြင့်တက်လျက်ရှိကြောင်း ဂျီအမ်အေက ပြောသည်။

ထို့အပြင် တိုကျိုမြို့အလယ်ပိုင်း အချို့နေရာများတွင် ၃၆ ဒသမ ၆ ဒီဂရီအထိ မြင့်တက်လျက်ရှိကြောင်း အဆိုပါ အေဂျင်စီက ဖြည့်စွက်ပြောသည်။

ဆင်ဟွာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၁၈၅ ဦးအထိ မြင့်တက်

ဒါကာ ဇူလိုင် ၂၅

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လျက်ရှိပြီး ယခုနှစ်တွင် လက်ရှိအချိန်အထိ အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၁၈၅ ဦးအထိ ရှိလာကြောင်း ကျန်းမာရေးဝန်ဆောင်မှုအထွေထွေညွှန်ကြားမှု ဦးစီးဌာန (ဒီဂျီအိတ်ချ်အက်စ်) ၏ အစီရင်ခံဖော်ပြချက်အရ သိရသည်။ ထို့အပြင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားသူ အရေအတွက်မှာလည်း ၃၅၂၇၀ အထိ ရှိလာပြီဟုလည်း သိရသည်။

ဇူလိုင် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ ၂၄ နာရီအတွင်း သွေးလွန်တုပ်ကွေးရောဂါကြောင့်ကိုးဦးသေဆုံးသည့်အတွက် ယခုလအတွင်း လက်ရှိအချိန်ထိ သေဆုံးသူပေါင်း ၁၃၈ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ဒီဂျီအိတ်ချ်အက်စ်က ပြောသည်။

ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဒီဂျီအိတ်ချ်အက်စ်၏ ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်အရ ပြီးခဲ့သည့်လတွင် ၅၉၅၆ ဦး သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရပြီးနောက် ဇူလိုင်လ ပထမ ၂၄ ရက်အတွင်း သွေးလွန်တုပ်ကွေးရောဂါ နောက်ထပ် ၂၇၂၉၂ ဦး စံချိန်တင် ကူးစက်ဖြစ်ပွားကြောင်း သိရသည်။

မြို့တော်ဒါကာမှ ၁၂၃၈ ဦး အပါအဝင် နောက်ထပ်သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသူပေါင်း ၂၂၉၃ ဦးမှာ ဇူလိုင် ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီအထိ ၂၄ နာရီအတွင်း အစီရင်ခံဖော်ပြချက်များအရ သိရခြင်းဖြစ်သည်။ သွေးလွန်တုပ်ကွေးလူနာ ၂၇၆၂၂ ဦးမှာ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၂၄ ရက်အထိ နိုင်ငံတစ်ဝန်းရှိ ဆေးရုံအသီးသီး၌ ဆေးဝါးကုသမှု ခံယူပြီးနောက် နေအိမ်ပြန်သွားကြပြီဟု ဆိုသည်။

သွေးလွန်တုပ်ကွေး ရောဂါကြောင့် သေဆုံးသူအရေအတွက် မြင့်မားလာမှုကို တိုက်ဖျက်ရန် ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးအာဏာပိုင်များအနေဖြင့် ခြင်ပေါက်ပွားမှုကို စစ်ဆေးရန်နှင့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

ဒါကာမြို့လမ်းတစ်လျှောက် ခြင်ဆေးဖျန်းခြင်းဆောင်ရွက်စဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ISA ၏ အာရှနှင့်ပစိဖိတ်ဆိုင်ရာကော်မတီ ဝန်ကြီးအဆင့် ပဥ္စမအကြိမ် အစည်းအဝေး တက်ရောက်

နေပြည်တော် ဇူလိုင် ၂၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် International Solar Alliance (ISA)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာကော်မတီ ဝန်ကြီးအဆင့် ပဥ္စမအကြိမ်အစည်းအဝေးသို့တက်ရောက်ရန် ယမန်နေ့က အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး) နိုင်ငံ အဘူဒါဘီမြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် International Solar Alliance (ISA) ညွှန်ကြားရေးမှူးချုပ် Dr Ajay Mathur နှင့် အဖွဲ့ဝင်များကို ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် အဘူဒါဘီမြို့ Sheraton Abu Dhabi Hotel & Resort အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအတွင်း နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရန် စီမံထားမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံအနေဖြင့် United Nations Framework Convention on Climate Change (UNFCCC) ၏ ဆုံးဖြတ်ချက်နှင့် အညီဖြစ်စေရန် ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၁၁ ရာခိုင်နှုန်းပါဝင်ရန် နိုင်ငံတော်၏ လျာထားချက်အဖြစ် ကတိပြုထားသည့် မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contribution – NDC) ကို ဖော်ဆောင်ခဲ့ပါကြောင်း၊ နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုရရှိပါက ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၁၇ ရာခိုင်နှုန်းသို့ တိုးမြှင့်ရန် ကတိပြုထားကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားစနစ်ကို smart grid အဖြစ် အဆင့်မြှင့်တင်ရန်၊ National Control Center ၊ smart metering system တို့ကို အဆင့်မြှင့်တင်ရန် နိုင်ငံတကာ၏ ပံ့ပိုးကူညီမှု လိုအပ်လျက်ရှိကြောင်း၊ နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး ရင်းနှီးမြှုပ်နှံမှုများအတွက် ပေါင်းစပ်ဘဏ္ဍာရေး (Blended Finance) စီမံဆောင်ရွက်မှုများအတွက် အကူအညီပေးစေလိုကြောင်း၊ ဌာနမှဝန်ထမ်းများ၊ ပုဂ္ဂလိကကဏ္ဍမှ နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသူများအတွက် နေရောင်ခြည်စွမ်းအင်အသုံးချနည်းပညာများကို လေ့လာနိုင်ရေး ဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ISA ညွှန်ကြားရေးမှူးချုပ်က နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ISA အနေဖြင့် Global Solar Facility ကို အကောင်အထည်ဖော်ရန် ဆောင်ရွက်နေပါကြောင်း၊ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စီမံကိန်းဆိုင်ရာ စာချုပ်ချုပ်ဆိုခြင်းနှင့် ဘဏ္ဍာငွေကြေးဆိုင်ရာ မသေချာမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ Global Solar Facility တွင် ငွေပေးချေမှု အာမခံချက်၊ အာမခံရန်ပုံငွေ၊ ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖြစ် အပိုင်း ၃ ပိုင်း ပါဝင်မည်ဖြစ်ကြောင်း၊ ယင်းတို့ကို ဖြေရှင်းဆောင်ရွက်နိုင်ပါက နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူဖြစ်လာမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွက် Solar Technology and Applications Research Center (STAR–C) အစီအစဉ်အောက်မှ နည်းပညာဆိုင်ရာ အထောက်အကူပေးနိုင်မည်ဖြစ်ပြီး နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသူများအတွက် နေရောင်ခြည်စွမ်းအင် အသုံးချနည်းပညာများကို လေ့လာနိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ISA ၏ အာရှနှင့်ပစိဖိတ်ဆိုင်ရာကော်မတီဝန်ကြီးအဆင့် ပဥ္စမအကြိမ် အစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ISA၏ နေရောင်ခြည်စွမ်းအင်ဆိုင်ရာ ရည်မှန်းချက်များ၊ ISA Flagship Initiatives များဖြစ်သည့် Solar Facility ၊ SolarX Grand Challenge နှင့် Solar Technology and Applications Research Center (STAR–C) တို့အောက်မှ လုပ်ငန်းဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို တင်ပြဆွေးနွေးကြပြီး အဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် နေရောင်ခြည်စွမ်းအင်များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံအမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များမှ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆောင်ရွက်မှု အခြေအနေများနှင့် ကြုံတွေ့ရသော အခက်အခဲများကို ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် ISA အဖွဲ့ဝင်နိုင်ငံများ၊ အာရှနှင့်ပစိဖိတ်ဒေသမှ ISA သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသောနိုင်ငံများ၊ နောင်အနာဂတ်တွင် အဖွဲ့ဝင်များဖြစ်လာမည့် နိုင်ငံများ၊ ISA မိတ်ဖက်အဖွဲ့အစည်းများနှင့် အထူးဖိတ်ကြားထားသောပုဂ္ဂိုလ်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၅

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)ရုံး မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Ramanathan Balakrishnan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဓါတ်ပုံ)

တွေ့ဆုံစဉ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) အကြား လက်မှတ်ရေးထိုးမည့် သဘောတူညီချက်စာလွှာ (Letter of agreement) တွင် ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ စီစဉ်ဆောင်ရွက်နိုင်ရေးနှင့် မိုခါဆိုင်ကလုန်းမုန်တိုင်းသင့်ဒေသများတွင် မိခင်နှင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။ တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

○ *ကျောဖုံးမှ*

အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး နောက် ၂၄ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကာ အနောက်မြောက်ဘက်သို့ ဖြေးညင်းစွာ ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ပြည်နယ်မြောက်ပိုင်း – ဩရိဿ ပြည်နယ်တောင်ပိုင်း ကမ်းခြေတို့ကို ဖြတ်ကျော် ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

❒ *ကျောဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင် ပွဲထွက်ခဲ့ပြီး တိုက်စစ်ဖွင့်ကစားခဲ့သည်။ ၁၉ မိနစ်တွင် စွမ်းထက်က ရတနာပုံအသင်းအတွက် အဖွင့်ဂိုးသွင်းယူခဲ့သဖြင့် ရတနာပုံအသင်း ပွဲကို ထိန်းချုပ်နိုင်ခဲ့သည်။

ယင်းနောက်ပိုင်းတွင် GFA အသင်းက ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းအပြီးတွင် ရတနာပုံအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းအစတွင် ရတနာပုံအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ၅၁ မိနစ်တွင် နောင်နောင်စိုးက သွင်းယူခဲ့သည်။

နှစ်ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံအသင်းက ပွဲကိုထိန်းကစားသွားပြီး GFA အသင်းမှာလည်း နှစ်သိမ့်ဂိုးပင်ရအောင် မသွင်းယူနိုင်ခဲ့ပေ။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရတနာပုံအသင်းမှ နောင်နောင်စိုးက ရရှိခဲ့သည်။ ပွဲစဉ် (၁၃) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၃၅ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**

သနပ်ပင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲပြုလုပ်

သနပ်ပင် ဇူလိုင် ၂၅

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် အမှတ်(၇၃) မြို့နယ်စက်မှုလယ်ယာ ဦးစီးဌာနမှ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းသရုပ်ပြပွဲကို ဇူလိုင် ၂၄ ရက်က ဖရဲကျေးရွာ တောင်သူဦးအောင်ရွှေ၏ လယ်ယာမြေ ခြောက်ဧက၌ ပြုလုပ်သည်။

သရုပ်ပြပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းသန်းအောင်၊ ခရိုင်လယ်/စီအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ကြူကြူမြင့်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ လာရောက်လေ့လာကြည့်ရှုခဲ့သည်။ **လှမိုး(ပြန်/ဆက်)**

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လှဲလှဲအေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၅၀ ၀၉-၂၀၂၃၄၉၁	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၂၅၀၁၂၃၈၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၄၂၀၇၀၈၈၂၇
ဦးဝင်းရွှေ ဒုတိယညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၄၈ ၀၉-၂၅၄၁၇၀၀၁၁	ဒေါ်သန်းသန်းဝင်း ဒုတိယညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ၀၉-၄၂၀၇၄၀၁၆၀	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၃၁၆ ၀၉-၄၃၀၅၄၈၄၄		

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၂၅

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆ -၇-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၉၃	၂၁၆၉
95 Ron	၂၂၀၄	၂၂၈၁
HSD (500 ppm)	၂၁၁၇	၂၁၈၉
HSD (50 ppm)	၂၁၉၁	၂၂၆၄
HSD (10 ppm)	၂၁၉၁	၂၂၆၄

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာဌေးအောင်၊ အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကော်မရှင်အနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ လူငယ်ကဏ္ဍ အသိပညာပေးခြင်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့်ပူးပေါင်း၍ စီးပွားရေးကဏ္ဍ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများ ပါဝင်လာစေရန် သင့်လျော်သည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဌာနတွင်း အဂတိလိုက်စားမှုကို တားဆီးကာကွယ်ရန် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အဖွဲ့များဖွဲ့စည်းထားရှိပြီး ၎င်း၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ CPU အဖွဲ့များသည် ဌာနအဖွဲ့အစည်းကိုယ်စားပြုပြီး မိမိတို့ဌာနအတွင်း၌ ဖြစ်ပေါ်နိုင်သည့် အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းသွားစေရန် တာဝန်ယူထားသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာမူဝါဒများကို ခိုင်မာစွာချမှတ်၍ CPU ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူးက CPU အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့်က အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်–PFP အသုံးပြုမှုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်နှင့် အားနည်းချက်များကို ရှင်းလင်းဆွေးနွေးကြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်မှ စတင်၍ ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention Against Corruption – UNCAC) တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကိုပြဋ္ဌာန်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို UNCAC ပါအချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်အထိ လေးကြိမ်တိုင်ပြင်ဆင်ခဲ့သော်လည်း နိုင်ငံတကာတွင် ဖြစ်ပေါ်နေမှုများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ပြန်လည်စိစစ်သုံးသပ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားအသစ်ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် သတင်းမီဒီယာရှင်းလင်းပွဲပြုလုပ်

နေပြည်တော် ဇူလိုင် ၂၅

၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၃ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားအသစ်ကို ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်မှ စတင်၍ ထုတ်ဝေသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် ရည်ရွယ်ပြုလုပ်သော သတင်းမီဒီယာရှင်းလင်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ပြုလုပ်သည်။

ငွေကြေးဖောင်းပွမှုမဖြစ်နိုင်

အခမ်းအနားတွင် နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားအသစ် ထုတ်ဝေခြင်းနှင့် စပ်လျဉ်း၍ သတင်းမီဒီယာများက မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျပ်နှစ်သောင်းတန် ငွေစက္ကူအသစ်ထုတ်ရခြင်းနှင့် ပတ်သက်၍မေးမြန်းရာတွင် **“မာရဝိဇယ”**ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှုအထိမ်းအမှတ်နှင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် မွေးဖွားသန့်စင်သည့် ဆင်ဖြူတော်ရတနာ **“ရဋ္ဌနန္ဒက”** ၏ တစ်နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အနေဖြင့် ထုတ်ဝေမှု အခြေအနေများ၊ နှစ်သောင်းကျပ်တန် ငွေစက္ကူအသစ်များကို လဲလှယ်ထုတ်ပေးခြင်းကြောင့် ငွေကြေးဖောင်းပွမှုကို ဖြစ်စေနိုင်မှု ရှိ/မရှိနှင့် ပတ်သက်၍ မေးမြန်းရာတွင် ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်နိုင်စေရန်အတွက် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးမူဝါဒရှိမှု၊ အမျိုးသားပြည်တွင်းထုတ်ကုန် GDP ရည်မှန်းချက်နှင့်အညီ ငွေကြေးစနစ်အတွင်း ထားရှိသင့်သော သီးသန့်ငွေကြေးပမာဏအား တွက်ချက်ပြီး သတ်မှတ်ပမာဏအတွင်း ရောက်ရှိစေရန်ဆောင်ရွက်သည့် ငွေကြေးမူဝါဒဘောင်ကို အဓိကထား ဆောင်ရွက်လျက်ရှိမှု၊ **နှစ်သောင်းကျပ်တန် ငွေစက္ကူကို အမှတ်တရအနေနှင့် အကန့်အသတ်ဖြင့်သာ ငွေစက္ကူအဟောင်းအား အစားထိုးလဲလှယ်ပေးခြင်းဖြစ်၍ ယခုအထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေ**ခြင်းကြောင့် ငွေကြေးဖောင်းပွမှုမဖြစ်နိုင်မှုအခြေအနေများ၊ နှစ်သောင်းကျပ်တန် ငွေစက္ကူအားထုတ်ဝေသွားမည့် နေ့ရက်နှင့် လဲလှယ်နိုင်မည့်နေ့ရက်များနှင့် ပတ်သက်၍ မေးမြန်းရာတွင် ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူများအား အထိမ်းအမှတ်အဖြစ် ဇူလိုင် ၃၁ ရက်တွင် ထုတ်ဝေခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များရှိ ငွေလဲကောင်တာများတွင် ဇူလိုင် ၃၁ရက်မှစပြီး ရုံးဖွင့်ရက်များတွင် လာရောက်လဲလှယ်နိုင်မှုနှင့် ဟောင်းနွမ်းငွေစက္ကူများ လာရောက်လဲလှယ်လိုသောလူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကိုသာ အမှတ်တရသိမ်းဆည်းထားနိုင်ရန် အများဆုံး သုံးရွက်ခန့်သာ ထည့်သွင်းလဲလှယ်ပေးသွားမည့်အခြေအနေများအား ရှင်းလင်းဖြေကြားခဲ့ပြီး အခြားသောနိုင်ငံများ၌ အထိမ်းအမှတ်

အဖြစ် ငွေကြေးထုတ်ဝေခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေခြင်းကို အကြောင်းပြု၍ ကုန်စည်ဈေးနှုန်းကစားကာ မဟုတ်မမှန်သောနည်းလမ်းဖြင့် အကျိုးအမြတ်ရယူခြင်းများ (Speculation and Manipulation) ဆောင်ရွက်မှုကို အရေးယူဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ အများပြည်သူမှ ဗဟိုဘဏ်ငွေလဲကောင်တာများသို့ဟောင်းနွမ်းငွေစက္ကူများ လာရောက်လဲလှယ်ရာတွင် လိုအပ်သည့် အထောက်အထားများနှင့်သတ်မှတ်ချက်များနှင့်ပတ်သက်၍ လည်းကောင်း မေးမြန်းကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်က အသေးစိတ်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

မေးမြန်းဖြေကြားမှုဖော်ပြမည်

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ သတင်းဌာနများမှ သတင်းထောက်များ တက်ရောက်သတင်းရယူခဲ့ကြကြောင်းနှင့် မေးမြန်းဖြေကြားမှုအပြည့်အစုံကို နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

နေပြည်တော် ဇူလိုင် ၂၅

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နှစ်သောင်းတန် ငွေစက္ကူကို အမှတ်တရအနေနဲ့ အကန့်အသတ်ဖြင့်သာ ငွေစက္ကူအဟောင်းများနေရာမှာ အစားထိုးလဲလှယ်ပေးခြင်း ဖြစ်တဲ့အတွက် ငွေစက္ကူထုတ်ဝေခြင်းကြောင့်တော့ ငွေကြေးဖောင်းပွမှုမဖြစ်နိုင်ပါဘူး

ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်

၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၃ ရက်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူအမျိုးအစားအသစ် ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိစေရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်အား သွားရောက်တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့ရာ ပြည်သူများသိရှိနိုင်ရန် ဖော်ပြလိုက်ပါသည်-

မေး ။ ။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ငွေကျပ်နှစ်သောင်းတန် ငွေစက္ကူအသစ် ထုတ်ရခြင်း ရည်ရွယ်ချက်ကို သိရှိလိုပါတယ်။

ဖြေ ။ ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပမှုကို ပြသဖို့၊ ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှုရဲ့ ဗဟိုချက်ဖြစ်စေဖို့၊ တိုင်းပြည်နဲ့ ကမ္ဘာကြီးအေးချမ်းသာယာမှုဖြစ်စေရန် ရည်ရွယ်တည်ဆောက်ထားတဲ့ **"မာရဝိဇယ"** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အထိမ်းအမှတ်နဲ့ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်မှာ မွေးဖွားသန့်စင်တဲ့ ဆင်ဖြူတော်ရတနာ **"ရဋ္ဌနန္ဒက"** ရဲ့ တစ်နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အနေနဲ့ ရည်ရွယ်ပြီး ငွေစက္ကူအမျိုးအစားအသစ် ထုတ်ဝေခြင်းဖြစ်ပါတယ်။

မေး ။ ။ ငွေကျပ်နှစ်သောင်းတန် ငွေစက္ကူအသစ်ကို ဘယ်လို ထုတ်ပေးမယ်ဆိုတာကို ဖြေကြား ပေးစေလိုပါတယ်။

ဖြေ ။ ။ ကျွန်တော်တို့က **"မာရဝိဇယ"** ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးမှု အထိမ်းအမှတ်၊ ဆင်ဖြူတော်ရတနာ **"ရဋ္ဌနန္ဒက"** ရဲ့ တစ်နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အနေနဲ့ ရည်ရွယ်ထုတ်ထားခြင်းဖြစ်လို့ အရေအတွက် အကန့်အသတ်နဲ့ ထုတ်ဝေသွားမှာဖြစ်ပြီး သတင်းထုတ်ပြန်ချက်မှာပါတဲ့အတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနဲ့ မန္တလေးဘဏ်ခွဲတွေမှာ ဟောင်းနွမ်းငွေစက္ကူတွေကို လာရောက်လဲလှယ်တဲ့အခါ အမှတ်တရအနေနဲ့ နှစ်သောင်းကျပ်တန် ငွေစက္ကူ ၃ ရွက်ခန့်ကို ထည့်သွင်းပြီး တန်ဖိုးတူ ပြန်လည်လဲလှယ်ပေးမှာ ဖြစ်ပါတယ်။

မေး ။ ။ အထိမ်းအမှတ်အဖြစ် ငွေကြေးထုတ်ဝေခြင်းကို အခြားသော နိုင်ငံများမှာ ထုတ်လေ့ရှိပါသလား။

ဖြေ ။ ။ ဒီလိုအထိမ်းအမှတ် ငွေစက္ကူနဲ့ ဒင်္ဂါး (Commemorative Notes and Coins) များကို ကမ္ဘာ့နိုင်ငံအသီးသီးမှာ အထိမ်းအမှတ်ပွဲတွေ၊ အမှတ်တရဖြစ်မယ့် အရာတွေအတွက် အရေအတွက် အကန့်အသတ်နဲ့ ထုတ်ဝေလေ့ရှိကြပါတယ်။ ဥပမာအားဖြင့် ကာတာမှာ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲကျင်းပခဲ့ပါတယ်။ ကမ္ဘာ့ဖလား အထိမ်းအမှတ်အဖြစ် ကာတာရီရိုင်ယယ် ၇၅ တန်ဖိုးရှိတဲ့ ငွေစက္ကူကို ထုတ်ဝေခဲ့ပါတယ်။ ပိုလန်နိုင်ငံရဲ့ သင်္ချာပညာရှင်၊ နက္ခတ္တဗေဒပညာရှင်ဖြစ်သူ Nicolaus Copernicus မွေးဖွားခြင်း နှစ်(၅၅၀)ပြည့်မြောက် အထိမ်းအမှတ်အဖြစ် ဇိုတီ ၂၀ တန်ဖိုးရှိတဲ့ ငွေစက္ကူကို ၉-၂-၂၀၂၃ ရက်နေ့မှာ ထုတ်ဝေခဲ့ပါတယ်။ ဒီလိုပဲ ပါကစ္စတန် နိုင်ငံတော်ဘဏ် တည်ထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ်အနေနဲ့ ရူပီး ၇၅ တန်ဖိုးရှိတဲ့ ငွေစက္ကူကို ၁-၇-၂၀၂၃ ရက်မှာ ထုတ်ဝေခဲ့ပါတယ်။ အလားတူ ဖိလစ်ပိုင်နိုင်ငံ ဗဟိုဘဏ်က ၂၀၂၁ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံက ခရစ်ယာန်ဘာသာရောက်ရှိတဲ့ နှစ် (၅၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ပီဆို ၅၀၀၀ ကို ထုတ်ဝေခဲ့ပါတယ်။ ထို့အတူ ၂၀၂၀ ပြည့်နှစ်မှာ အင်ဒိုနီးရှားနိုင်ငံက (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် အင်ဒိုနီးရှားရူပီယား ၇၅၀၀၀ တန်ဖိုးရှိတဲ့ ငွေစက္ကူတွေကိုလည်း အမှတ်တရအနေနဲ့ ထုတ်ဝေခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

မေး ။ ။ ဒီလို ၂၀၀၀၀ ကျပ်တန် ငွေစက္ကူအသစ်များကို လဲလှယ်ထုတ်ပေးခြင်းက ငွေကြေးဖောင်းပွမှုကို ဖြစ်စေပါသလား။

ဖြေ ။ ။ မြန်မာနိုင်ငံမှာ ငွေကြေးဖောင်းပွမှု လျော့နည်းကျဆင်းစေဖို့နဲ့ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းချုပ်နိုင်စေဖို့အတွက် ဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေကြေးမူဝါဒရှိပါတယ်။ ဒါကတော့ တိုင်းပြည်ရဲ့ စီးပွားရေးကို ပိုမိုအထောက်အကူဖြစ်စေဖို့နဲ့ နှစ်စဉ်လျာထားတဲ့ အမျိုးသားပြည်တွင်းထုတ်ကုန် GDP ရည်မှန်းချက်နဲ့ အညီ ငွေကြေးစနစ်အတွင်း ထားရှိသင့်တဲ့ သီးသန့်ငွေကြေးပမာဏကို တွက်ချက်ပြီး သတ်မှတ်ပမာဏအတွင်း ရောက်ရှိစေဖို့ ဆောင်ရွက်တဲ့ ငွေကြေးမူဝါဒဘောင်ကို အဓိကထား ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးလုပ်ငန်းများကို ပိုမိုအရှိန်မြှင့် ဆောင်ရွက်နိုင်ဖို့အတွက် ဘဏ်အတိုးနှုန်း မြှင့်တင်ခြင်းထက် စီးပွားရေးစနစ်အတွင်း ထားရှိသင့်တဲ့ သီးသန့်ငွေကြေးပမာဏကို အတိုး/ အလျှော့ ပြုလုပ်နိုင်တဲ့ ဘဏ်များက ဗဟိုဘဏ်မှာ ထားရှိရမယ့် သီးသန့်ငွေကြေးပမာဏအချိုး (Reserve Requirement Ratio) မြှင့်တင်ခြင်း/ လျှော့ချခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံရဲ့ စီးပွားရေးစနစ်အတွင်းရှိ စုစုပေါင်းငွေကြေးပမာဏကို နှစ်စဉ်စဉ်ဆက်မပြတ် စောင့်ကြည့်စိစစ်လျက်ရှိပြီး ရည်မှန်းချက်ပမာဏ အတွင်းတွင်သာရှိစေဖို့ ဒီပမာဏကို နုတ်သိမ်းခြင်း၊ ထည့်သွင်းခြင်းတို့ကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အတန်အသင့် တင်းကျပ်တဲ့ငွေကြေးမူဝါဒကို ကျင့်သုံးလျက်ရှိပါတယ်။ အလားတူ ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက်လည်း ဘဏ်နဲ့ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေကို နီးကပ်စွာ ကြီးကြပ်စစ်ဆေးခြင်း၊ ထိန်းကျောင်းပြုပြင်ခြင်းနဲ့ လိုအပ်တဲ့ ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် ဒစ်ဂျစ်တယ် စီးပွားရေးစနစ်နဲ့ ဒစ်ဂျစ်တယ် ငွေပေးချေမှုတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အမျိုးသားငွေပေးချေမှု မဟာဗျူဟာနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါကြောင့် ပြောပြခဲ့တဲ့ ငွေကြေးမူဝါဒ နည်းလမ်းတွေ၊ ငွေရေးကြေးရေးကဏ္ဍတည်ငြိမ်စေဖို့ နည်းလမ်းတွေနဲ့ ငွေပေးချေမှုနဲ့ စာရင်းရှင်းလင်းမှု တိုးတက်စေဖို့ ဆောင်ရွက်မှုတွေကြောင့် နိုင်ငံ့စီးပွားရေးစနစ်အတွင်းမှာရှိတဲ့ ဘဏ်တွေမှာ အပ်နှံငွေတွေ တိုးတက်လျက်ရှိသလို စီးပွားရေးလုပ်ငန်းတွေအတွက် လိုအပ်တဲ့ ချေးငွေတွေကိုလည်း တိုးတက်ထုတ်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် နိုင်ငံ့စီးပွားရေးစနစ်အတွင်း လှည့်လည်သုံးစွဲငွေ (Currency in Circul) တွေ လျော့နည်းကျဆင်းကြောင်းကိုလည်း တွေ့ရပါတယ်။ (Currency in Circul) အတိုးမှာ ပြီးခဲ့တဲ့ ၂၀၂၁ ခုနှစ်မှာ ၄၈ ရာခိုင်နှုန်း ရှိခဲ့တဲ့နေရာက ၂၀၂၂ ခုနှစ်မှာ ၂၉ ရာခိုင်နှုန်းကို လျော့ကျခဲ့တယ်။ ၂၀၂၃ မေလမှာ ၁၁ ရာခိုင်နှုန်းကို ကျဆင်းခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် ငွေကျပ်နှစ်သောင်းတန် ငွေစက္ကူကို အမှတ်တရအနေနဲ့ အကန့်အသတ်ဖြင့်သာ ငွေစက္ကူအဟောင်းတွေနေရာမှာ အစားထိုးလဲလှယ်ပေးခြင်းဖြစ်တဲ့အတွက် ယခုလို အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေခြင်းကြောင့်တော့ ငွေကြေးဖောင်းပွမှုမဖြစ်နိုင်ပါဘူး။ ဒ့ါအပြင် နိုင်ငံခြားငွေလဲလှယ်နှုန်းမှာ ငွေကြေးဖောင်းပွမှုမဖြစ်စေဖို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က စောင့်ကြည့်လျက်ရှိပါတယ်။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေဖို့အတွက် အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ နေ့စဉ်နိုင်ငံခြားငွေ စီးဝင်မှု/စီးထွက်မှုကို နီးကပ်စွာ စောင့်ကြည့်စိစစ်လျက်ရှိပါတယ်။ ဈေးကွက်အတွင်း နိုင်ငံခြားငွေ လိုအပ်ချက်တွေရှိလာရင် Financing ပေးခြင်း၊ ရောင်းချပေးခြင်းနဲ့ နိုင်ငံခြားငွေဝယ်ယူထိန်းသိမ်းထားတဲ့ ဘဏ်တွေကို နိုင်ငံခြားငွေလိုအပ်တဲ့ သွင်းကုန်တင်သွင်းသူတွေနဲ့ စီးပွားရေးလုပ်ငန်းများကို ရောင်းချစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဦးဝင်းမြင့် (ညွှန်ကြားရေးမှူးချုပ်)

ဒီအခြေအနေမှာ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျ တည်ငြိမ်နေကြောင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဦးစီးဆောင်ရွက်လျက်ရှိတဲ့ ဘဏ်များအကြား Online နိုင်ငံခြားငွေကြေး ဈေးကွက်မှာ တည်ငြိမ်နေတာကို တွေ့ပါတယ်။ Online နိုင်ငံခြားငွေကြေး ဈေးကွက်ဖြစ်ပေါ်နေတဲ့ Exchange Rate ကိုကြည့်ရင် တည်ငြိမ်နေတာ တွေ့ရပါတယ်။ လိုအပ်တဲ့နိုင်ငံခြား ငွေကြေးဈေးကွက်မှာ သွင်းကုန်တင်သွင်းသူတွေအတွက် လိုအပ်တဲ့ နိုင်ငံခြားငွေ ရယူတဲ့သူတွေကိုလည်း ကျွန်တော်တို့က ဖြည့်ဆည်းပေးနိုင်တယ်။ လိုအပ်တဲ့ သွင်းကုန်တွေကိုလည်း သွင်းပေးနိုင်တာ တွေ့ရပါတယ်။

မေး ။ ။ အခု အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန်ငွေစက္ကူထုတ်ဝေခြင်းကို အကြောင်းပြုပြီး ကုန်စည်ဈေးနှုန်း ကစားပြီး မဟုတ်မမှန်တဲ့ နည်းလမ်းနဲ့ အကျိုးအမြတ်ရယူခြင်းတွေ ဆောင်ရွက်နေတာကို ဘယ်လိုအရေးယူဆောင်ရွက်မလဲဆိုတာ သိလိုပါတယ်။

ဖြေ ။ ။ အခု အထိမ်းအမှတ်အဖြစ် ကျပ်နှစ်သောင်းတန် ငွေစက္ကူထုတ်ဝေခြင်းက နိုင်ငံစီးပွားရေးစနစ်အတွင်း လှည့်လည်သုံးစွဲငွေ (Currency in Circulation – CiC) အတွင်းကို ထည့်သွင်းခြင်းမဟုတ်ပါဘူး။ ဟောင်းနွမ်းငွေစက္ကူ လာရောက်လဲလှယ်သူ တစ်ဦးလျှင် ဥပမာ- လူတစ်ယောက်က ငွေစက္ကူအဟောင်း ငွေကျပ်သိန်း ၁၀၀ လာရောက်လဲလှယ်သူကို ငွေစက္ကူအသစ် ကျပ်သိန်း ၁၀၀ ပြန်ပေးပါတယ်။ အဲဒီလိုပြန်ပေးတဲ့အခါမှာ အမှတ်တရအဖြစ် ငွေကျပ် နှစ်သောင်းတန် ငွေစက္ကူ ၃ ရွက်သာ ထည့်သွင်းလဲလှယ်ပေးမှာ ဖြစ်ပါတယ်။ ဒါကလည်း သက်ဆိုင်ရာ ငွေအဟောင်းလဲတဲ့သူက ငွေကျပ်နှစ်သောင်းတန်ငွေစက္ကူ အသစ်လိုချင်ပါတယ်လို့ ပြောမှသာ ထည့်သွင်းလဲပေးမှာဖြစ်ပါတယ်။ တောင်းခံမှုမရှိဘူးဆိုရင် ငွေစက္ကူအဟောင်းကိုသာ ငွေစက္ကူအသစ်နဲ့ လဲလှယ်ပေးမှာဖြစ်ပါတယ်။ ဒီလိုလဲလှယ်ထားတဲ့ ဟောင်းနွမ်းငွေစက္ကူတွေကို ဖျက်ဆီးမယ့် ငွေစက္ကူစာရင်းထဲထည့်ပါတယ်။ အဲဒီလိုထည့်ပြီးတော့ ငွေစက္ကူတွေကို ဖျက်ဆီးပစ်လိုက်ပါတယ်။

ဒါကြောင့် ကျပ်နှစ်သောင်းတန် ငွေစက္ကူတွေ ထုတ်ဝေခြင်းကြောင့် ငွေကြေးပမာဏ တိုးတက်မှု အခြေအနေမရှိပါဘူးလို့ ပြောလိုပါတယ်။ ဒီအခြေအနေမှာ အကြောင်းအမျိုးမျိုးပြပြီး ကုန်စည်ဈေးနှုန်းကို ဆွဲတင်ဖို့လှုံ့ဆော်နေသူတွေ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်စေဖို့ ဆောင်ရွက်နေသူတွေအနေနဲ့ အများပြည်သူအကျိုးအတွက် ဒီလိုမလုပ်သင့်ကြောင်းနဲ့ ပြည်သူအများရဲ့ အကျိုးစီးပွားကို ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင် မဆောင်ရွက်သင့်ပါဘူး၊ အဲဒီလို မလုပ်ကြဖို့လည်း ကျွန်တော်တို့က မေတ္တာရပ်ခံပြောကြားလိုပါတယ်။

မေး ။ ။ ဆင်ဖြူတော်ရုပ်ပုံပါ နှစ်သောင်းကျပ်တန် ငွေစက္ကူကို ဇူလိုင် ၃၁ ရက်မှာ ထုတ်ဝေသွားမယ်လို့ သိရပါတယ်။ ဘဏ်မှာ ဘယ်အချိန်က စတင်ပြီး လာရောက်လဲလို့ရနိုင်မလဲ။ အများပြည်သူ လဲလို့ရအောင် စီမံဆောင်ရွက်ထားတာမျိုးရော ရှိလား။

ဖြေ ။ ။ ဆင်ဖြူတော်ရုပ်ပုံပါတဲ့ နှစ်သောင်းကျပ်တန် ငွေစက္ကူတွေကို အထိမ်းအမှတ်အဖြစ် ဇူလိုင် ၃၁ ရက်မှာ ထုတ်ဝေမှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များမှာရှိတဲ့ ငွေလဲကောင်တာတွေမှာ ဇူလိုင် ၃၁ ရက်ကစပြီး ရုံးဖွင့်ရက်တွေမှာ လာရောက်လဲလှယ်နိုင်ပါတယ်။ ဒါပေမယ့် ဟောင်းနွမ်းငွေစက္ကူတွေ လာရောက်လဲလှယ်လိုတဲ့ လူပုဂ္ဂိုလ်တွေကိုသာလျှင် အမှတ်တရသိမ်းဆည်းထားနိုင်ဖို့ အများဆုံး ၃ ရွက်ခန့်သာ ထုတ်ဝေပေးသွားမှာ ဖြစ်ပါတယ်။ ဟောင်းနွမ်းစုတ်ပြဲ မဟုတ်ဘဲနဲ့ သာမန်ငွေစက္ကူအသစ်နဲ့ လာရောက်လဲလှယ်မှုကိုတော့ လက်ခံလဲလှယ်ပေးမှာမဟုတ်ပါဘူး။ ဟောင်းနွမ်းငွေစက္ကူကိုသာလျှင် သင့်တဲ့တန်ဖိုးကို လဲလှယ်ပေးမှာဖြစ်ပါတယ်။

မေး ။ ။ အများပြည်သူက ဗဟိုဘဏ်ငွေလဲကောင်တာတွေကို ဟောင်းနွမ်းငွေစက္ကူတွေ လာရောက်လဲလှယ်တဲ့အခါ လိုအပ်တဲ့အထောက်အထားတွေနဲ့ သတ်မှတ်ချက်တွေရှိရင် ရှင်းလင်းပြောကြားပေးစေလိုပါတယ်။

ဖြေ ။ ။ ပြည်သူတွေအနေနဲ့ ဟောင်းနွမ်းစက္ကူတွေ လာရောက်လဲလှယ်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားယူဆောင်လာဖို့ လိုအပ်မှာဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးကို ဟောင်းနွမ်းငွေစက္ကူ ရွက်ရေ(၅၀၀)အထိ ကောင်တာဖွင့်လှစ်ချိန်အတွင်း လက်ခံလဲလှယ်ပေးသွားမှာဖြစ်ပါတယ်။ ပိုရှင်းလင်းအောင်ပြောရရင် ပြည်သူတွေအတွင်း လှည့်လည်သုံးစွဲနေတဲ့ ဟောင်းနွမ်းငွေစက္ကူ အများကြီးရှိပါတယ်။ အဲဒီဟောင်းနွမ်းငွေစက္ကူတွေကို နီးစပ်တဲ့ ဘဏ်တွေမှာ ကောင်းမွန်တဲ့ ငွေစက္ကူများနဲ့ လဲလှယ်နိုင်ပါတယ်။ အဲဒီ ဟောင်းနွမ်းငွေစက္ကူတွေ လဲလှယ်တဲ့အခါမှာ ကျွန်တော်တို့ဗဟိုဘဏ်ကို လာရောက်လဲလှယ်တဲ့လူတွေကို အထိမ်းအမှတ်အနေနဲ့ ထုတ်ဝေတဲ့ ငွေကျပ်နှစ်သောင်းတန် ငွေစက္ကူကို အကန့်အသတ်အနေနဲ့ အများဆုံး ၃ ရွက်လောက်သာ ထည့်သွင်းလဲလှယ်ပေးမှာ ဖြစ်ပါတယ်။

မေး ။ ။ ဟောင်းနွမ်းငွေစက္ကူတွေကိုလဲလှယ်ပေးရာမှာ တန်ဖိုးတူလဲလှယ်ပေးခြင်းနဲ့ ဆောင်ရွက်ပေးမယ်လို့ သိရပါတယ်။ တန်ဖိုးတူလဲလှယ်ပေးခြင်းဆိုတာ ဘယ်လိုလဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။

ဖြေ ။ ။ တန်ဖိုးတူ လဲလှယ်ပေးတယ်ဆိုတာက အများပြည်သူတွေက ကျွန်တော်တို့ဆီ လာရောက်လဲလှယ်တဲ့ ဟောင်းနွမ်းငွေစက္ကူတွေကို

စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှ

ရွှက်ရေတန်ဖိုး (အရွှက်ရဲ့တန်ဖိုး) အလိုက် လဲလှယ်ပေးခြင်း မဟုတ်ပါဘူး။ လဲလှယ်တဲ့ငွေစက္ကူ စုစုပေါင်းရဲ့ပမာဏတန်ဖိုးကို သူနဲ့သင့်တော်တဲ့ အခြားသော ငွေစက္ကူ အမျိုးအစားနဲ့ လဲလှယ်ပေးခြင်း ဖြစ်ပါတယ်။

မေး ။ ။ လက်ရှိလှည့်လည်သုံးစွဲနေတဲ့ ငွေစက္ကူတွေနဲ့ ငွေအကြွေတွေကရော တရားဝင်ငွေကြေးအဖြစ် ဆက်ရှိနေဦးမှာလား။

ဖြေ ။ ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဥပဒေပုဒ်မ ၃၆-င မှာ နိုင်ငံတော်သည် တရားဝင်ထုတ်ထားသော ငွေကြေးများကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုဟု အတိအလင်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိလှည့်လည် သုံးစွဲနေတဲ့ ငွေစက္ကူတွေနဲ့ ငွေအကြွေတွေဟာ တရားဝင်ငွေကြေးအဖြစ် ဆက်လက်တည်ရှိနေမှာ ဖြစ်တယ်။

မေး ။ ။ ဆရာ့အနေနဲ့ ငွေကျပ်နှစ်သောင်းတန် ထုတ်ဝေခြင်းနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောချင်တာများရှိရင် ပြောပေးစေချင်ပါတယ်။

ဖြေ ။ ။ ငွေစက္ကူအသစ်ကို ကျွန်တော်တို့က အထိမ်းအမှတ်အနေနဲ့ အကန့်အသတ်ဖြင့်သာ လဲလှယ်ပေးမှာဖြစ်တဲ့အတွက် လူတိုင်းတစ်ယောက်တစ်ရွက်စီတော့ ရနိုင်မှာ မဟုတ်ပါဘူး။ ဒီငွေစက္ကူအနေနဲ့က အထိမ်းအမှတ်အနေနဲ့ လဲတာဖြစ်တဲ့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော်၊ ရန်ကုန်ဘဏ်ခွဲနဲ့ မန္တလေးဘဏ်ခွဲမှာ ဟောင်းနွမ်းငွေစက္ကူတွေနဲ့ လာရောက်ပြီး လဲလှယ်နိုင်ပါတယ်။ ဒါကလည်း ကျွန်တော်ပြောသလို သတ်မှတ်တဲ့ ပမာဏနဲ့အညီ လဲပေးမှာမဟုတ်ဘဲ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းကို အများဆုံးသုံးရွက် လောက်သာ ကျွန်တော်တို့က လဲပေးမှာဖြစ်ပါတယ်။

အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။ **လင်းကြည်လင်း**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန်တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

တပ်ကုန်းမြို့၌ နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်အောင်ပွဲကျင်းပ

တပ်ကုန်း ဇူလိုင် ၂၅

နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ ဆဋ္ဌမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်အောင်ပွဲကို ဇူလိုင် ၂၄ ရက်က ဘုရင့်နောင်ရပ်ကွက် စန္ဒိမာရာမဂိုဏ်းထောက် စာသင်တိုက် သာသနဗ္ဗဂုဏ်ရည်ဓမ္မာရုံ၌ ကျင်းပရာ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်၊ မြို့ရှေ့စန္ဒာရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒသိရီအရှင်သူမြတ်အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ဧည့်ပရိသတ်များက မြို့ရှေ့စန္ဒာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒသိရီ အရှင်သူမြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များအား ပရိသတ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ရွှေအင်းရိပ်သာပရိယတ္တိစာသင်တိုက်၊ အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပညာသာမိဆရာတော်က ရေစက်သွန်းလောင်းအမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ ဆရာတော် ၂၄ ပါးဖြင့် ရွတ်ဖတ်ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်

ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

(၂၅-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၉၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၀၀၀,၁၄၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၉၉၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၇) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၈၀) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

နယူးဇီလန်ကို ဖိလစ်ပိုင်အနိုင်ရရှိ

အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုအဆင့် ပွဲစဉ်များကို ဇူလိုင် ၂၅ ရက်က ယှဉ်ပြိုင်ကစားရာ အုပ်စု (ဧ) မှ ကိုလံဘီယာအသင်းက တောင်ကိုရီးယားအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အုပ်စု (က) မှ ပူးတွဲအိမ်ရှင်နယူးဇီလန်နှင့် ဖိလစ်ပိုင်အသင်းတို့ပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးနိုင်ပွဲရရှိသည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါအုပ်စုမှ ဆွစ်ဇာလန်နှင့် နော်ဝေအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သည်။ အဆိုပါအုပ်စု၌ ဆွစ်ဇာလန်က လေးမှတ်ဖြင့် အုပ်စုထိပ်၌ ဦးဆောင်နေသည်။ အသင်းများ နောက်တစ်ဆင့်တက်ရေးအတွက် ရလဒ်ပြတ်သားစွာ ထွက်ပေါ်ထားခြင်းမရှိသည့်အတွက် အုပ်စုနောက်ဆုံးပွဲစဉ်အထိ အကြိတ်အနယ် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

အောင်ဇော်

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၂၀၀ ကျပ်	၂၂၅၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၂၇၅ ကျပ်	၂၃၂၅ ကျပ်
အောက်တိန်း ၉၂	၂၂၀၅ ကျပ်	၂၂၅၅ ကျပ်
အောက်တိန်း ၉၅	၂၃၂၀ ကျပ်	၂၃၇၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၂၀၀	၈၂၀၀	၄၁၅	၃၄၁၁၀၀၀
MTSH	၂၈၀၀	၂၉၀၀	၄၈၈	၁၃၈၁၅၀၀
MCB	၇၆၀၀	၇၆၀၀	၁	၇၆၀၀
FPB	၁၅၀၀	၁၅၀၀	၂၁၀၅၀	၃၁၅၇၅၀၀၀
TMH	၂၄၀၀	၂၄၀၀	၁	၂၄၀၀
EFR	၂၂၅၀	၂၂၅၀	၁၃၃	၂၉၉၂၅၀
AHPC	၀	၀	၀	၀
MAEPC	၁၇၀၀	၁၇၅၀	၁၁၀၄၁	၁၈၇၈၁၇၅၀

ညီညီ - စုစည်းသည်

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ရှိမာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုကာကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့ အလှူငွေများထည့်ဝင်လှူဒါန်းစာရင်းပေးထားသည့် အလှူရှင်ဘုရားဒါယကာ၊ ဒါယိကာမများစာရင်း

စဉ်	အမည်	အလှူငွေ (ကျပ်)
၁	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၂	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၃	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၄	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၅	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၆	[illegible] (MBG Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၇	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၈	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၉	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၁၀	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၁၁	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၁၂	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၁၃	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၁၄	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၁၅	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၁၆	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၁၇	[illegible] (Aung Kanthe Motorcycle Industrial Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၁၈	[illegible] (Eco Green City Project (1 mile)) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၁၉	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၂၀	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၂၁	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၂၂	[illegible] (Sky Aviator Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၂၃	[illegible] (Bibble Paper [illegible])	[illegible]
၂၄	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၂၅	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၂၆	Mr.Xu Zhenwei(China CAMC Engineering Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၂၇	Mr.Liu Wuyue(Kyal Thein Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၂၈	[illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၂၉	[illegible] (Green Circle Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၃၀	[illegible] (Popa National Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၃၁	[illegible] (Myanmar Mandalay Fu Xing Steel Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၃၂	[illegible] (Super Seven Star Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၃၃	[illegible] (Green Myanmar Dragon Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၃၄	[illegible] (Fu Xing Brother Group of Companies) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]
၃၅	[illegible] (MyKo Co.,Ltd) [illegible] (သာသနိကအဆောက်အဦအတွက်လှူဒါန်းခြင်း)	[illegible]

ဆက်လက်ဖော်ပြပါမည်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာခုံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ ဒါယိကာမများအနေဖြင့်** မိမိတို့စည်းရုံးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ ဒါယိကာမများသည်လည်းကောင်း **အင်းဝဘဏ်ငွေစာရင်းအမှတ် ၁၀၀၀၀၀၀၀၀၁၃၇၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ် ၁၀၀၀၀၀၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ် ၀၄၄၄၀၂၀၁၇၀၀၂၈၇၀၀၀** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နှိုးနှိုးအကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၆၅၀၁၉၉၉၉၉၊ ၀၃၈-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/42938 TVS DAZZCW–110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေဝေခိုင် ၉/မလန(နိုင်) ၀၉၅၆၀၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/54671 Honda Click –125 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/74593 Honda Wave–110 ယာဉ်လက်ဝယ်ရှိသူ ဦးဌေးအောင် ၁၃/ရစန(နိုင်) ၀၄၅၂၃၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အ.မ.က (၄၉)ကျောင်းလမ်း၊ မြေကွက်အမှတ် (၂၃/A)ဟု ခေါ်တွင်သော မြေကွက်ကြီးအနက်မှ မြေကွက်အမှတ်(၂၃/ခ)၊ ယခုအခေါ်အိမ်အမှတ်(၂၉/ခ)ဟုခေါ်တွင်သော မြေကွက်အကျယ်(၂၀ပေx၇၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်အိမ်(၁)လုံး၊ ဂျိုးဖြူရေနှင့် အိမ်သုံးလျှပ်စစ်မီတာ(၁)လုံး အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးကိုဆက်စပ်စာချုပ်များနှင့်တကွ မိမိတစ်ဦးတည်းသာ လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသော ဒေါ်ဆင့်(ခ)ဒေါ်သန်းသန်းဆင့် (၁၂/အစန(နိုင်)၀၁၅၇၇၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိမွန် (၉/ကပတ (နိုင်) ၃၁၆၀၅၃) မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ယနေ့ကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်အကြောင်းကြားဆက်သွယ်ကြပါရန်နှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အိအိမွန်၏လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ဇင်မာသက် (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၉၅၈)
ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း –၀၉–၂၅၀၅၁၈၂၉၉

စာအုပ်စာပေ လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၃၊ အေးရိပ်သာလမ်း၊ မြေကွက်အမှတ် –၁၂၇၁၊ အကျယ်အဝန်း ဧရိယာ –၄၀ပေx၆၀ပေရှိ ဒေါ်စိန်မြင့် ၉/ကပတ(နိုင်)၀၁၈၂၁၇ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးသိန်းကျော်မိုး ၁၂/မဂတ(နိုင်)၀၃၇၆၆၈ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစုံတရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမျိုးမြင့်အောင်	ဦးအေးမင်းသူ	ဒေါ်လင်းလင်းကြည်
စဉ်–၂၅၁၆၅	စဉ်–၂၆၁၉၉	စဉ်– ၄၆၃၂၈

အထက်တန်းရှေ့နေများ
အမှတ် – ၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉–၅၁၄၅၇၆၇ ၊ ၀၉–၄၂၀၀၂၈၃၆၆၊ ၀၉–၄၂၅၂၈၈၆၅၁

သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာစို့

မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV – HD)မှ အများပြည်သူပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၂၈-၇-၂၀၂၃)ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ ပြင်ပတေးသံရှင်များနှင့် ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ Live Show တေးသီချင်းဖျော်ဖြေမှု အစီအစဉ်ကို **"မာရဝိဇယ မြတ်ဗုဒ္ဓ ဓမ္မပူဇာတေးများနှင့် ငြိမ်းချမ်းသာယာ တေးသံသာများ ဖျော်ဖြေပွဲ" ခေါင်းစဉ်ဖြင့်** ရိုက်ကူး ထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါ တေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

(၂၈-၇-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"မာရဝိဇယ မြတ်ဗုဒ္ဓ ဓမ္မပူဇာတေးများနှင့် ငြိမ်းချမ်းသာယာ တေးသံသာများ ဖျော်ဖြေပွဲ" ခေါင်းစဉ်ဖြင့်
ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်

စဉ်	သီချင်းအမည်	အဆိုရှင်
၁။	ကြည်ညိုဖူးမြော် မာရဝိဇယမြတ်ဗုဒ္ဓရုပ်ပွားတော်	ဌာနအဆိုရှင်
၂။	နမောနမော	ပြင်ပအဆိုရှင်
၃။	မိဂဒါဝုန်	ပြင်ပအဆိုရှင်
၄။	ရွှင်လန်းချမ်းမြေ့ပါစေ	ဌာနအဆိုရှင်
၅။	ရွှေမိုးရွာ	ပြင်ပအဆိုရှင်
၆။	ဓမ္မသူရဲကောင်းများ	ဌာနအဆိုရှင်
၇။	နေထွက်နေဝင်	ပြင်ပအဆိုရှင်
၈။	ဓေယျတုသဗ္ဗမင်္ဂလံ	ပြင်ပအဆိုရှင်
၉။	သီတာရတနာ	ပြင်ပအဆိုရှင်
၁၀။	မြင်းလှည်းလေးနဲ့ခေါ်	ပြင်ပအဆိုရှင် + ဌာနအဆိုရှင်
၁၁။	မာရဝိဇယမြတ်ဗုဒ္ဓ	ပြင်ပအဆိုရှင်

In the matter of GPI Myanmar Company Limited
[Under Section 156 of the Insolvency Law & Rules 9 & 32 of the Insolvency Rules]

Notice of holding the Creditors' Meeting

Notice is hereby given that the Creditors' Meeting of GPI Myanmar Company Limited (Company Registration Number 110194676) will be convened via online at the meeting link, https://us05web.zoom.us/j/87455373182?pwd=SUw2NFVSRGk1cG43VDc0K0lxZTNaUT09 on 8th August 2023 at 10:30 a.m. in compliance with Section 156 of the Insolvency Law, for the following purposes:

1. To appoint one or more liquidators (Insolvency Practitioners) for the purpose of winding-up the company's affairs and distributing its assets according to Section 158 (a) of the Insolvency Law; and

2. To appoint, if the creditors think fit, a Creditors' Committee to exercise the functions conferred on it by or under the Insolvency Law according to Section 190 (a) of the Insolvency Law.

It is also notified that the prescribed Proof of Debt or Claim Form to prove and claim their debts at the above Creditors' Meeting and a draft Proxy Form for appointment of proxy by a creditor to attend and vote on behalf of the creditor at the [illegible] have been sent to the creditors according to Rule 31 (c) of the Insolvency [illegible]

Mr. Anothai Eamhemson
Director
GPI Myanmar Company Limited

GPI Myanmar Company Limited

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၆၇၂၃၃၊ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်စွာရှိန်း ၆/မမန(နိုင်)၂၂၆၂၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီးရက်ပေါင်း ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၆၁၄၄၆၊ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်ကျော် ၆/မမန(နိုင်)၁၂၄၆၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင် လုံသောအထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ဦးစီးမှူးရုံး (မြိတ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၉ယ/၁၂၆၁၈၊ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးတင်မြတ်အောင် ၆/ထဝန(နိုင်)၀၀၁၈၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံး သို့ကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ်- 81W/01654၊ အမျိုးအမည်- LUOJIA 110၊ အမျိုးအစား- M/C ယာဉ်လက်ဝယ်ရှိသူအမည်- KHWAR NYO TRADING CO.,LTD သည် မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

က.ည.န၊ခရိုင်ရုံး(သာယာဝတီ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3E/4155, Toyota Mark II zx110, S/L (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးလင်းကျော်နိုင် ၁၂/သဃက(နိုင်)၁၃၉၄၀၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 16W/30042, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ထွန်းအောင် ၁၄/မနဖ(နိုင်)၁၃၄၂၆၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်) မအူပင်မြို့

တစ်ဦးတည်းဖြစ်ကြောင်း

သံတွဲမြို့၊ နန်းချောင်းကျေးရွာအုပ်စု၊ သုံးပင်ဆိုင်ရွာနေ (ဘ)ဦးတင်စိုး၏သမီး မဇင်ပိုပို နိုင် (ခ) မဇင်ပိုပိုထွန်း သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဇင်ပိုပိုထွန်း

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ အ-ထ-က(မြစ်ငယ်)၊ Grade-10 မှ မောင်ရှိန်းထက်အောင်၏ ဖခင် ဦးသူရိန်ထွန်း၏ အမည်မှန်မှာ ဦးအောင်သူရိန်ထွန်း (၈/မကန(နိုင်)၁၂၁၆၇၉) ဖြစ်ပါကြောင်း။

ဦးအောင်သူရိန်ထွန်း

တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်လောင်းမြို့နယ်၊ ပေါင်းလောင်းမြို့ ရပ်ကွက်(၁)၊ လယ်ပြင်ကြီးရွာနေ (ဘ) ဦးလှထွန်း၏သား မောင်ညီညီလွင် ၁၃/ပလန(နိုင်)၁၁၄၈၃၂ နှင့် မောင်ရှိန်သူအောင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

မောင်ညီညီလွင် (ခ) မောင်ရှိန်သူအောင်

မွေးသက္ကရာဇ်အမှန်

ပင်လောင်းမြို့၊ အရှေ့ရပ်ကွက်(ရ/၂၈၈)နေ ဦးကျော်ခင်၏သမီး ဒေါ်နန်းစန္ဒာဦး၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁-၁၉၆၇ ဖြစ်ပါကြောင်း။

ဒေါ်နန်းစန္ဒာဦး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(82W/14671) Honda Alpha-110 ယာဉ်လက်ဝယ်ရှိသူ၊ Easy Rider Co;ltdမှ(ကမ-၃)ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး (မင်းဘူး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(63W/49810) Honda-110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထွန်း (၇/နတလ(နိုင်)၀၀၃၃၅၀) က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ ခရိုင်ရုံး (မင်းဘူး)

အမည်ပြောင်း

ပြင်ဦးလွင်မြို့၊ အ.လ.က(၃)၊ Grade - 6 မှ (ဘ) ဦးညီညီရှိန် ၅/ကနန(နိုင်)၀၂၀၃၆၀ ၏သား ဖြစ်သူ မောင်ဘုန်းရှိန်မင်းခန့်အား ယနေ့မှစ၍ မောင်ကောင်းဆက်သွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းဆက်သွင်

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၆-၂၀၂၃ရက်ထုတ် ဤသတင်းစာစာမျက်နှာ (၂၃)ပါ Htike 24 Power Co.,Ltd.၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ယာဉ်အမှတ် 47W/20116 အစား ယာဉ်အမှတ် 47W/20115 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၄၄၈၊ ခြေရင်းခြမ်း၊ ၁၀၇လမ်း၊ ဦးစန်းမြင့် ၁၂/ဗဟန(နိုင်)၀၅၇၁၁၄ အမည်ပေါက် ပါမစ်မူရင်း၊ ဧရိယာ အကျယ်အဝန်း (၂၀ပေx ၆၀ပေ) အနက်မှ (၁၀ပေx၆၀ပေ)မြေချပါမစ် မိတ္တူခြေရင်းခြမ်း၊ အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝေဝေခင် ၁၂/ဒဂရ(နိုင်)၀၂၂၇၃၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဥက္ကာထွန်း ၁၂/ဒဂမ(နိုင်)၀၄၇၁၅၉ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဥက္ကာထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုရည်လှိုင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)
အမှတ် (၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉- ၆၉၃၅၆၃၇၈၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉(A)၊မြေကွက်အမှတ် ၈၅၊ သစ္စာ ၄လမ်း၊ ဒေါ်မတီးလ်ဒါ စံနီအေး ၁၂/သဃက(နိုင်)၀၇၆၃၃၇ အမည်ပေါက် ၊ ဂရန် မူရင်း၊ ဧရိယာ အကျယ်အဝန်း (၄၀ပေx၆၀ပေ)အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသည့် (၂၀ပေx ၆၀ပေ) ဂရန်မိတ္တူ(ခြေရင်းခြမ်း) အိမ်ခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သင်းသင်းစိုး ၁၂/ဒဂမ(နိုင်)၀၁၃၆၅၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်အိအိအောင် ၁၂/အစန(နိုင်)၁၇၄၈၈၆ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ များကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်အိအိအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စုရည်လှိုင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၃၄၅၀)
အမှတ် (၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉- ၆၉၃၅၆၃၇၈၅

အကြောင်းကြားသိစေအပ်ပါသည်

ဦးစိုးမြင့်ဦး (အင်ဂျင်နီယာ)
Grand Auric Co;Ltd
အမှတ် – ၂၂၇၊ သစ္စာလမ်း၊(၁၀)ရပ်ကွက်
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ် (၂၂၈)တွင် တည်ထောင်ထားရှိသော မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် Grand Auric ကုမ္ပဏီတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားရှိခဲ့ပါသည်။ လူကြီးမင်းကုမ္ပဏီထံသို့ ဆက်သွယ်သော်လည်း အဆက်အသွယ်မရရှိခဲ့ပါ။ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရန် လိုအပ်သည်ဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ဖြစ်စေ လာရောက်ပါရန် အကြောင်းကြားပါသည်။ လာရောက်ခြင်းမရှိပါက (MLF) ၏ အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးတင်ကိုကို၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစန်းဝင်း	**ဒေါ်ခိုင်ဆုဝေ**
B.A.,D.A.,H.G.P.,R.L	**LL.B.,D.B.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၄၆၆)	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၈၁)

အမှတ်(၈၅)၊ မြေညီထပ်၊ (၄၄)လမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၁၉၁၅၅၊ ၀၉-၅၁၈၄၈၂၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းမြောက် ရပ်ကွက်၊ စကားဝါပင်လမ်း၊ အမှတ် (၉၀)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆/အေ) ၊ မြေကွက် အမှတ် (V-၉၈) ပေါ်တွင် ဆောက်လုပ်ထားသော တစ်ခန်းတွဲ (၆)ထပ်တိုက်၏ (၆)လွှာ၊ ပဥ္စမထပ်ဟု ခေါ်တွင်သော (အလျား ၂၃ ပေ x အနံ ၄၅ ပေ) အကျယ်ရှိ ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်သိန်းထိုက် (ခ) ဦးအောင်သူရဲး (၁၂/အလန(နိုင်)၀၄၀၈၂၉) ထံမှ ကျွန်ုပ်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းချသော တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စာချုပ်စာတမ်းဖြင့် စရံငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်း အရောင်းအဝယ် ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း နိုင်လုံတိကျသောပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

ဒေါ်ခင်သူဇာမွေး
၁၂/ကမတ(နိုင်)၀၀၀၁၁၈
အမှတ် (၉၈)၊ (၃)လွှာ (A)၊ နတ်စင်လမ်း၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၂၆၂၈၁၁၂၂၅၊ ၀၉-၅၁၃၉၇၇၃၇

ဖခင်အမည်မှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ ရပ်ကွက် (၂) အလကကျောင်း Grade-7 တွင် ပညာသင်ကြားနေသော ကျောင်းသူ မနန်းလီ၏ ဖခင်အမည်မှန်မှာ ဦးအိုက်စိုင်းဖြစ်ပါကြောင်း။

ဦးအိုက်စိုင်း

ဖခင်နှင့် မိခင်အမည်မှန်

တန့်ယန်းမြို့၊ ရပ်ကွက် (၆) တွင်နေထိုင်ကြသော မအားချုန်း၊ မအိအိပြုံး၊ မချင်း၊ မောင်စိုင်းကြွင်းနှင့် မအေးအေးဖြူတို့၏ ဖခင်နှင့် မိခင်အမည်မှန်မှာ ဦးကျင်ကျိန်ဝိန်နှင့် ဒေါ်မေရှမ်းဖြစ်ပါကြောင်း။

ဦးကျင်ကျိန်ဝိန်၊ ဒေါ်မေရှမ်း

အစုရှယ်ယာလျှော့ချကြောင်း ကြေညာခြင်း

ကျွန်တော်များ Marhar Tun Co.,Ltd သည်(၂၂-၇-၂၀၂၃) ရက်နေ့တွင် ကျင်းပ ပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိ ရှယ်ယာ အရေအတွက် **၅,၀၅၀ စောင်ရေ (တန်ဖိုး ၅၀၅,၀၀၀,၀၀၀)** မှ ရှယ်ယာ အရေအတွက် **စောင်ရေ ၅၀၀ (တန်ဖိုး ကျပ်သိန်း ၅၀,၀၀၀,၀၀၀)**သို့ အစုရှယ်ယာလျှော့ချရန် အတည်ပြုဆုံးဖြတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

မြန်မာနိုင်ငံဘားကုဒ်အသင်း (GS1 Myanmar) ၏ ဘားကုဒ်နံပါတ်များ လျှောက်ထားသုံးစွဲသူ အသင်းဝင်များသို့ အသိပေးကြေညာချက်

MBA GS1 Myanmar

မြန်မာနိုင်ငံဘားကုဒ်အသင်း (GS1 Myanmar) ၏ ယခုလက်ရှိ အသုံးပြုနေသော Number Generating System အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လိုပါသောကြောင့် (၁၅) ရက်၊ ဂျူလိုင်လ၊ ၂၀၂၃ ခုနှစ် မတိုင်မီ အသင်းမှ GS1 ဘားကုဒ်နံပါတ်များ လျှောက်ထားသုံးစွဲခဲ့သူများအနေဖြင့် အောက်ပါ အသင်းရုံးဖုန်းနံပါတ်များနှင့် Email သို့ (၈) ရက်၊ ဩဂုတ်လ၊ ၂၀၂၃ ခုနှစ် နေ့ နောက်ဆုံးထား၍ မပျက်မကွက် ဆက်သွယ်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အသင်းရုံးအဖွဲ့

အသင်းရုံးဖုန်းနံပါတ်	- ၀၉ ၄၄၆၈၆၈၀၀၂၊ ၀၉ ၄၄၆၈၆၈၀၀၄၊ ၀၉ ၅၁၉၁၂၈၂
Email	- info@gs1myanmar.org
လိပ်စာ	- အမှတ် (၂၉)၊ အခန်း (၅၀၂)၊ ၅ လွှာ၊ ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) Office Tower ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့၊ အရှေ့ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၇/ဗိုလ်တဲရပ်)၊ ဦးပိုင်အမှတ်(၄၇)၊ မြေဧရိယာ(၀.၁၀၃)ဧကရှိမြေအား ဦးမျိုးသန်းထိုက်၅/ခဥန(နိုင်)၀၆၇၈၄၇- ဒေါ်မာမာစိုး၁/မကတ(နိုင်)၁၀၆၁၂၇၄ မြေငှားဂရန်ရရှိရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မိုးကောင်းမြို့ နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ရောက်ရှိလာသည့် ကန့်ကွက်လွှာများကို ထည့်သွင်းစဉ်းစားအရေးယူ ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိုးကောင်းမြို့

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၃၇)နေ ဒေါ်မြသန်း ၁၂/သဃက(နိုင်)၀၆၃၂၇၉ (BG-၀၀၇၈၇၆)မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅) ရပ်ကွက်၊ ငွေပလဲလမ်း၊ အမှတ်(၃၈)နေ ဒေါ်စောယုနွယ်နီ ၁၂/ဒဂမ(နိုင်) ၀၃၇၇၁၀ထံသို့ လွှဲအပ်ခဲ့သော သန်လျင်မြို့၊ စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် - ၃၃၈/၂၀၂၂ (၁၆-၆-၂၀၂၂)အား ဆက်လက်ဆောင်ရွက်ရန် မလိုအပ်တော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း၊ အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကျော်ဝင်းဟန် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၃၂၆၃)
ဖုန်း - ၀၉-၄၀၁၅၇၃၂၆၆

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀.၀၅၅ ဧကရှိ ဦးထွန်းလှိုင် ၁၁/မပန(နိုင်)၀၆၂၂၅၁ (ဘ)ဦးမောင်သိန်းထွန်း အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၄၃၆၆)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၄/၂၀၂၁ (၇-၁-၂၀၂၁)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးနိုင်လင်း ၁၃/မမတ(နိုင်)၀၂၉၁၅၈ (ဘ)ဦးမင်းအောင်မှ ဒေါ်ဆွေဇင်ဖြင့် ၁၂/သဃက(နိုင်)၀၀၁၆ဂရန်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေ/တောင်ရပ်ကွက်၊ ဝဥ္စပုဇွန်လမ်း၊ အမှတ်(၇)ရှိ ၅-လွှာ(စတုတ္ထထပ်)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အစွဲအငြင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ရီ ၁၂/စခန(နိုင်)၀၅၄၄၇၉ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးနေစစ်ပိုင် ၇/ပမန(နိုင်)၁၆၆၁၅၁၀က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုစုဝိုင် (LL.B, D.B.L., D.I.L)	ဒေါ်ခင်စောသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၁၅၅၃)	(စဉ်-၁၃၂၈၆)

တိုက်(၁၀/၁)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

စစ်တွေမြို့၊ ပြည်တော်သာရပ်ကွက်နေ ဒေါ်ခင်စိန်လှိုင် ၁၁/ပတန(နိုင်) ၀၂၆၁၁၅၇ စစ်တွေမြို့၊ အနောက်စံပြရပ်ကွက်၊ အကွက်အမှတ်(၄၃)၊ ဂိုန်ခံရဘရှေ့အနောက်အကွက်၊ ဦးပိုင်အမှတ် (၁၁-ည)၊ မြေဧရိယာ(၀.၀၅၅) ဧကအား လူနေအိမ်ဆောက်လုပ်နေထိုင်ရန်အတွက် မြေငှားဂရန် အသစ်ရရှိရေး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်လွှာတင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကော်လိတ်တွေ့အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်တွေမြို့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက အမှတ် (၄၀/၄)၊ မြစ်ပါယ်လမ်း၊ ရေစီးကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟု ဒေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၄၅/က်ဘဲ)၊ မြေကွက်အမှတ် (၄၈/က-၇)၊ မြေဧရိယာ (၀.၁၃၅) ဧက အကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆိုစီအမျိုးအစား (၂)ထပ်တိုက် အဆောက်အအုံ (၁)လုံး၊ အိမ်သုံးလျှပ်စစ်မီတာ (၁)လုံးအပါအဝင် ယင်းတို့နှင့်ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးဇော်မင်းသိန်း(ဘ)ဦးစိန်ပေ (၉/ပဥလ(နိုင်)၀၀၂၅၃၂)၊ အမှတ် (၁၆/က)၊ ဦးကျွန်းဇော်ရိပ်သာလမ်း၊ ၁၀-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန် တိုင်းဒေသကြီးတွင်နေသူများထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)	ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)
တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆	တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅
ဖုန်း-၀၉-၅၁၇၁၄၃၃	ဖုန်း ၀၉-၂၅၄၄၈၈၃၃၀

အမှတ် (၁၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(လမုတန်း)၊ မမ္မာစေတီလမ်း၊ မြေကွက်အမှတ်(၂၀၉)ဟု ခေါ်တွင်သော အလျား ၂၇ပေxအနံ ၅၀ကျယ်ဝန်းသော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ခန်းတွဲ(၈)ထပ်ခွဲတိုက်၏(၅)လွှာ၊ ပဉ္စမထပ် ရေမီးစုံ BCCပါ လူနေကန့်ခိုတိုက်ခန်းနှင့် ခတ်လေကားသုံးစွဲခွင့်ပါ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်အိသဇင်၁၂/ဒပန(နိုင်)၀၄၀၆၂၅ မှ မိမိအမှန်တကယ် ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေကြီးဖြစ်သူ ဒေါ်ခင်လှိုင် ၁၁/သတန(နိုင်)၀၇၃၈၄၈မှ အဆိုပါ တိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ယင်းတိုက်ခန်းနှင့် ပတ်သက်သော ပိုင်ရေးဆိုင်ခွင့်ရှိသူများ စာချုပ်စာတမ်းအထောက်အထားအခိုင်အလုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဇော်ဦး (LL.B(Q),PGDL,C.B.L)
အထက်တန်းရှေ့နေ စဉ်-၅၂၉၈
အင်းစိန်စုပေါင်းရုံးဝန်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းအောက်ထပ်၊
ဖုန်း-၀၉-၅၅၇၀၁၇၂၈၉

အများသိစေရန်ထပ်မံအသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးကို (၁၂/သဃက(နိုင်)၀၂၆၄၀၁)၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ထပ်မံအသိပေးကြေညာပါသည်-

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်ချမ်းသာလမ်း၊ အမှတ်-၁၄၄၊ အခန်းအမှတ် (၀၁) ဟုခေါ်တွင်သော (အလျား ၁၂ ၁/၂ x အနံ ၅၀')ရှိ မြေညီထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ နေထိုင်သုံးစွဲခွင့်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးအေးကိုက တရားဝင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပါသည်။ အဆိုပါ တိုက်ခန်းတွင် ဦးအေးကို ခတ်ထားသည့်အခန်း၏သော့အပြင် အပေါ်သော့ပေါက်တွင် အခန်းနှင့် သက်ဆိုင်ခြင်းမရှိသော တစ်စုံတစ်ဦးက နောက်သော့ (၁)လုံးဖြင့် ထပ်မံခတ်ခဲ့၍ ကမာရွတ်မြို့နယ်တရားရုံး၊ ၂၀၂၃ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ်-၁၈၄၊ ရာဇသတ်ကြီးပုဒ်မ-၃၄၁ အရ စွဲဆိုမှုကို မတရားတားဆီးပိတ်ပင်ရာ ရောက်သည်ဟု တရားလို ဦးအေးကို လုပ်ဆောင်ရာ၍ အဆိုပါ တရားရုံးက သုံးသပ်ပြီးဖြစ်၍ အဆိုပါပြဿနာများကို ဖြေရှင်းရန် ထိုပြဿနာအားဖြင့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသူက ကျေနပ်မှုမရှိသည့်အတွက် ကမာရွတ်ခရိုင် တရားရုံးသို့ အယူခံဝင်ရောက်ခဲ့ရာ ကမာရွတ် ခရိုင်တရားရုံး၏ ၂၀၂၃ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ် (၁) ဖြင့် မူလမြို့နယ်တရားရုံးမှ ပြစ်မှုကျူးလွန်သူ အပေါ် ရာဇသတ်ကြီးပုဒ်မ-၃၄၁ အရ ပြစ်ဒဏ်ချမှတ်ခြင်းသည် မှားယွင်းခြင်းမရှိဟုဆုံးဖြတ်ပြီး ရာဇဝတ် အယူခံမှုအား ပလပ်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤတိုက်ခန်းနှင့်ပတ်သက်၍ ဦးအေးကို ကိုယ်၊ စိတ်၊ ဥစ္စာ၊ ဂုဏ်သိက္ခာ ပျက်ဆီးစေရန် ပြုမူပြောဆိုဆောင်ရွက်ခြင်း၊ ကြိမ်းမောင်းခြိမ်းခြောက်ခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ မတရားတားဆီးပိတ်ပင်ခြင်းများ လုံးဝမပြုလုပ်ကြပါရန်နှင့် ထိုသို့ ပြုလုပ်သူမည်သူကိုမဆို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်အေးမင်းသန့် ဉပဒေဘွဲ့
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉)
အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁-၈၃၇၄၇၈၆၊ ၀၉-၄၅၀၀၂၇၈၃၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ကမ်းနားလမ်း၊ မြေကွက်အမှတ် (၉၆၉)၊ တိုက်အမှတ် (၁၄)၊ အခန်း- (မြေညီထပ်)၊ အကျယ်အဝန်း (၁၈ပေ x ၅၄ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်နွယ်ဝင်း (၁၂/မဂတ (နိုင်) ၀၉၉၁၆၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး	ဦးပြည့်ဖြိုးအောင်
LL.B, D.B.L, D.I.L.,	LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၃၄၀၀၃

အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ် (၇၈+၇၉)၊ ဧရိယာ(၀.၃၃၇+၀.၃၃၇)ဧက (၁၀၀ပေ+၁၅၀ပေ) ခန့် + (ပေ ၁၀၀+ပေ ၁၅၀) ခန့် အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစား မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၇၈+၇၉)၊ ပဒုမ္မာလမ်း၊ မြောက်ဥက္ကလာပ စက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့်အဆောက်အအုံ(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင် SEVEN GOLDEN LIONS ENTERPRISE LTD. ၊ အမှတ်(၇၄)၊ ၁၄-လမ်း၊ ၆-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စား ဦးအောင်ဝင်း (ဘ) ဦးနောက်တိုး (၁၂/လသန(နိုင်)၀၀၄၄၂၂)၊ အမှတ်(၇၄)၊ ၁၄-လမ်း၊ ၆-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေသူထံမှ ဝယ်ယူရန်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက် အထားများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)	ဒေါ်ခင်မြတ်သူ (H.G.P,LL.B,D.M.L)
တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆	တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅
ဖုန်း ၀၉-၅၁၇၁၄၃၃	ဖုန်း ၀၉-၂၅၄၄၈၈၃၃၀

အမှတ် (၁၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင့်ဝေ၏ သမီး မစုမြတ်ဟန်နီ ၁၂/ဥကတ(နိုင်) ၁၇၄၇၁၄ သည်မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးတင့်ဝေ
၁၂/ဥကတ(နိုင်)၀၅၁၆၅၇

အများသိစေရန်ကြေညာခြင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ သနပ်ပင်လမ်းမနေ ကျွန်မ ဒေါ်သန်းသန်းအေး ၇/ပခန(နိုင်)၀၂၇၉၂၈ က အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ယခင် ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ ဆိုရှယ်လစ်(၁၂)လမ်း၊ အမှတ်(၁၃၄၅)၌ နေထိုင်သော မမေသူအောင်(ခ)မသန့်သန့် ၇/ပခန(နိုင်)၂၀၁၈၀၅(ဘ)ဦးအောင်ကြီးအား ကျွန်မသည် တူမအရင်းသဖွယ် မေတ္တာကြီးစွာဖြင့် မိမိအိမ်၌ (၆)နှစ်ကျော် စောင့်ရှောက်ထားခဲ့ပြီး လုပ်ငန်းတာဝန်ပေးအပ်ခဲ့ပါသည်။ ထိုလုပ်ငန်းမှ မမေသူအောင် သည် ငွေကြေးအလွဲသုံးစားပြုခြင်း၊ စာရိတ္တချိုးဖောက်ခြင်းစသော ပြစ်မှုများစွာကို ကျူးလွန်ခဲ့ပြီး တိမ်းရှောင်နေပါသဖြင့် ၃၁–၁–၂၀၂၃ရက်မှစ၍ ကျွန်မ၏ တစ်သက်တာစွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ ထိုမမေသူအောင်နှင့် ပတ်သက်၍ ပြဿနာအရှုပ်အရှင်း အမှုကိစ္စများရှိလာပါက ကျွန်မဒေါ်သန်းသန်းအေးနှင့် မပတ်သက်ပါ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းအေး ၇/ပခန(နိုင်)၀၂၇၉၂၈

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ(၁)လမ်း၊ အမှတ်(၁၂၄)၊ အကျယ် (၁၆ပေx၅၂ပေ)ရှိ ဒုတိယထပ်တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်၊ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းအိကြည်ပြာ ၁၂/မရက(နိုင်)၀၀၀၀၇၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန္တာဝင်း ၁၄/ရကန(နိုင်)၁၁၁၉၉၆ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်သန္တာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ယဉ်ယဉ်လှိုင်ကျော်
အထက်တန်းရှေ့နေ(စဉ်–၄၂၀၄၁)(LL.B, D.B.L)
အမှတ်(၃၈၆)၊ ဗဟိုလမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဖုန်း–၀၉–၄၂၁၀၇၈၀၉၁

ဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၂၀၂၃ ဖြင့် ဗိုလ်မှူးချုပ်ဇော်နိုင်ဦးအား **သီရိပျံ့ချီ** ဘွဲ့တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းအတွက် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါသည်။

OTS (83)ကျောင်းဆင်းအရာရှိများ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄/မြောက်၊ မြေကွက်အမှတ်– ၃၅၄/A၊ မြို့မ(၁၀)လမ်းနှင့် အောင်ရတနာလမ်းထောင့်၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကေ၊ အကျယ်အဝန်း (၂၄၀၀) စတုရန်းပေရှိ ဒေါ်နှင်းနှင်းကြည် ၈/ရနခ(နိုင်)၀၀၈၈၈၃နှင့် ဒေါ်နိုနိုကို ၉/တသန(နိုင်)၁၂၉၇၃၇ တို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သော နှစ်(၆၀) ဂရန်မြေအမျိုးအားမြေကွက်နှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချခွင့်ရှိသည်ဟုဆိုသူ (၁၆–၆–၂၀၂၃)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ်–၁၁၂၁၃/၂၀၂၃ဖြင့် ဒေါ်နှင်းနှင်းကြည်နှင့် ဒေါ်နိုနိုကိုတို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မြင့်မြင့်ဝင်း ၁၂/လသန(နိုင်)၀၀၃၉၈၂ နှင့် ဦးအောင်ချစ် ၁၂/ပဘတ(နိုင်)၀၁၁၇၈၀တို့ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဌေး ၆/ရဖန(နိုင်)၀၃၁၉၄၈က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့တွင် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဒေါ်မြင့်မြင့်ဝင်းနှင့် ဦးအောင်ချစ်တို့၏ ရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက် မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်အေးသူဇာအောင်
တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၇၉၄၃)
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရှေ့နေများနားနေခန်း၊ သဃ်္ဃန်းကျွန်းမြို့နယ်တရားရုံး
ဖုန်း –၀၉–၄၂၄၅၉၆၈၃၀၊ ၀၉–၇၉၉၅၆၁၅၇၄၊ ၀၉–၂၅၂၀၅၄၄၅၅

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃ရပ်ကွက်၊ ယသဝတီလမ်းရှိ တိုက်အမှတ်(၁၀၇၄)၏ (၅လွှာ/ခြေရင်းခန်း)၊ အကျယ်အဝန်း ပေ(၁၉x၅၄) ရှိတိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ဝင်းကျော် ၁၁/မတန(နိုင်)၀၁၁၆၁၁ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးဇင်ကိုကို ၁၂/လသယ(နိုင်)၁၅၉၃၂၃၊ ဒေါ်စုစုတင် ၁၂/ဥကတ(နိုင်)၁၇၄၅၄၇ တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ သို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်စုစုခိုင်(LL.B, D.B.L,D.I.L)	**ဒေါ်ခင်စောသိန်း(LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၅၃)	**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၂၈၆)**

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်းအောက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း–၀၉–၇၃၀၂၆၁၉၉၊ ၀၉–၄၄၃၀၂၆၁၉၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာ(B)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၁၆၂၄) ဟု ခေါ်တွင်သော အလျားxအနံပေ(၆၅x၂၀) ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်သူ ဦးခိုင်စောဦး ၈/မကန(နိုင်)၁၆၆၇၂၈ မှ တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်တော် ဦးဇော်မျိုးဝင်း ၈/မကန(နိုင်)၁၂၂၂၃၈က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်တော့်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားများ၊ စာချုပ်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများ မရှိပါက အပြီးအပိုင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်မျိုးဝင်း
ဖုန်း–၀၉–၄၅၁၅၇၀၅၄၇

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ ပင်လုံမြို့၊ ရပ်ကွက်(၁)၊ သစ္စာလမ်း၊ အိမ်အမှတ်(၂)နေ ကျွန်တော်ဦးစံဝင်း ၁၃/လလန(နိုင်)၀၁၀၆၇၀ နှင့် ကျွန်မ ဒေါ်ထွေးကြည် ၁၃/လလန(နိုင်)၀၁၀၆၇၁ တို့၏သမီး မခင်နှင်းညွန့် ၁၃/လလန(နိုင်)၀၇၆၃၆၅ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ သည်းခံခွင့်လွှတ်ခြင်းမပြုနိုင်သော ပြုလုပ်မှုများ ကျူးလွန်ခဲ့ပြီး မိဘများအား စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင်ပြုလုပ်ခဲ့သည့်အတွက် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သောကိစ္စများကို မိဘများက တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးစံဝင်း–ဒေါ်ထွေးကြည်

ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် – ၄၃၉

ဦးသန်းလှိုင်	နှင့်	မချောစုအောင် ပါ – ၆
လျှောက်ထားသူ		**လျှောက်ထားခံရသူများ**

၂၀၂၂ ခုနှစ် ဇွန်လ ၂၁ ရက်စွဲပါ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၂၂ ခုနှစ် တရားမပြင်ဆင်မှုအမှတ် –၂၈၏ စီရင်ချက်နှင့် ထုံးပုံကျ အပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍ လျှောက်ထားခံရသူ (၄) ဦးဌေးမင်းလှိုင်၊ အမှတ် ၁ / ၁၃ (က) ရွှေချည် (၉) လမ်း ၊ ပျဉ်းမနားမြို့။ (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) သိစေရမည်။

ဤအမှုတွင် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်မိမိခင်၊ ဒေါ်သန်းသန်းတို့ကတင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၈ ရက် နံနက် ၁၀ နာရီ တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၂၀ ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(တင်မေလတ်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဦးနေမျိုးဇော် (ဘ) ဦးမျိုးမြင့် ၁၂/ရကန(နိုင်)၀၀၀၁၇၈ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ် (ပ–၂၃၉၇၇) ကို မြေကွက်အမည်ပေါက်(ကွယ်လွန်) ၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်စုစုဇင် (ဘ) ဦးညွန့်ဖေ ၁၂/ဥကတ(နိုင်)၀၆၁၆၂၂ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေကွက်အမှတ် (ပ–၂၃၁၆၅) ၏ မြေချပါမစ်(စလစ်)မူရင်းပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးခင်မောင်လင်း ၅/မရန(နိုင်)၀၈၃၄၃၁ (ဘ) ဦးတိုးမောင် မှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်) မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်၃၀အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ဝါးခယ်မမြို့နယ်၊ ပျဉ်းမကွင်းကျေးရွာနေ (ဘ) ဦးအောင်ကျော်အေး၏သား စအောင်သက်ပိုင်ဦး ၁၄/ဝခမ(နိုင်)၂၈၉၈၅၆ ၏ နိုင်ငံကူးလက်မှတ်အမှတ် မမှတ်မိပါသဖြင့် ပျောက်ဆုံးသွားသောကြောင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၁၈၀၇၃၅၆

ပတ်စ်ပို့ပျောက်

ကျွန်တော် ကိုရောင်နီချစ် ၆/မအရ(နိုင်)၀၀၁၀၀၄၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၇၈၃၇၄၅၁၇၇

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီးညောင်ဦးမြို့၊ အမှတ်(၄)နယ်မြေ၊ ဆုံကုန်းရပ်နေ (ဘ) ဦးသက်ထွန်း–(အမိ)ဒေါ်လှလှမြင့်တို့၏သား မောင်ဝေယံမင်းထွန်း(ခ)တက်ပု ၉/ညဥန(နိုင်)၁၇၇၅၈၀သည် မိဘစကားနားမထောင်ဘဲ မိဘများ စိတ်ဆင်းရဲစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသက်ထွန်း–ဒေါ်လှလှမြင့်

ဖြန့်ဖြူးသူပြောင်းလဲခြင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ Eastchem Co., Ltd ကုမ္ပဏီမှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးအား ပြည်တွင်းမူလဖြန့်ဖြူးသည့် Evogro Company Limited မှ Lionchem (Myanmar) Pte. Ltd သို့ ဖြန့်ဖြူးသူ ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည်ဖြစ်ပါသည်–

စဉ်	ပိုးသတ်ဆေး ကုန်သွယ်မှုအမည်	အဆိပ်ရှိပစ္စည်း အမျိုးအစား	မှတ်ပုံတင် အမျိုးအစား	မှတ်ပုံတင် အမှတ်
၁။	Atra 500	Atrazine 50% SC	F2020–2667	Full

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ၊ သီးနှံကာကွယ်ရေးဌာနခွဲ ၊ အနောက်ကြို့ကုန်း ၊ အင်းစိန်မြို့နယ်သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လိုင်းယွန်းကန်မြန်မာကုမ္ပဏီလီမိတက် : အမှတ် (၅၆၉)၊ အခန်းနံပါတ် (ဘီ–၁) ၊ (၁၂၃)ရပ်ကွက် ၊ ဟံသာဝတီလမ်း ၊ အရှေ့ဒဂုံမြို့သစ်မြို့နယ် ၊ ရန်ကုန်၊ မြန်မာ။ ဖုန်း – ၀၉–၇၃၂၄၈၀၅၉

အများသိစေရန်ကြေညာချက်

ပဲခူးမြို့၊ မဇင်းရပ်ကွက်၊ ဘုရင့်နောင်(၁)လမ်း၊ ကိုထွန်ဋ္ဌဘိုးဘွားရိပ်သာနေ ဦးဝေလု(ဘ)ဦးကာကူး ၁၀/ဘလန(နိုင်)၁၀၇၄၀၅ ၏လွှဲအပ်ချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၄)၊ မြေတိုင်း(၁၃)ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ်၊ အမှတ်(၄၇၃)နေ အစ္စလာမ်ဘာသာဝင် ဦးစိုးမြင့်(ဘ)ဦးစိန်ဖေ ၇/ပခန(နိုင်)၀၄၈၇၀၇သည် အိမ်ထောင်မရှိ လူပျိုကြီးဖြစ်၍ ကွယ်လွန် သည့်အချိန်ထိ ဦးဝေလုနှင့်အတူနေထိုင်ကာ ဦးဝေလုကပင် ဦးစိုးမြင့်အား ပြုစုစောင့်ရှောက်ခဲ့ပါသည်။ ကွယ်လွန်သူ ဦးစိုးမြင့်သည် ၎င်းပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်ရှိသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့အပေါ် ၎င်းကွယ်လွန်ချိန်တွင် ခံစားခွင့်ရပိုင်ခွင့် ရှိစေရန် သေတမ်းစာအား (၂၃–၁၁–၂၀၂၂)ရက်တွင် သက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးပြုစု ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကွယ်လွန်သူဦးစိုးမြင့်၏ရပိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ဦးဝေလု၏ သဘောတူညီချက်မရှိ အသိပေးခြင်းမရှိ၊ စီမံဆောင်ရွက်ခြင်းမပြုလုပ်ကြရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးဝေလု၏လွှဲအပ်ချက်အရ–**

ဦးအောင်ထွန်းB.A(Law),LL.B	**ဒေါ်ခိုင်သင်းသူ(LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၉၁၀)**
(စဉ်–၁၆၉၀/၈–၈–၇၈)	**ဒေါ်ချမ်းမြမြငြိမ်း(LL.B) (စဉ်–၅၀၄၉၉)**
	ဒေါ်ငြိမ်းငြိမ်းဌေး(LL.B,LL.M)(စဉ်–၅၃၉၁၄)
	ဒေါ်ဝင်းသဇင်ဌေး(LL.B)(စဉ်–၅၃၆၈၈)
	(အထက်တန်းရှေ့နေများ)

ရုံးခန်း–အမှတ်(၁၄၄)၊ တပင်ရွှေထီးလမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့။ ဖုန်း –၀၉ –၅၃၀၁၇၅၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(L ၁၇. ၆၀)၊ လူနေရပ်ကွက်အမှတ်(–)၊ ရတနာလမ်းနှင့်ပေါင်းလောင်းလမ်းထောင့်၊ မြေကွက်အမှတ်(၁၅၅၉)၊ အကျယ်အဝန်း(၄၅ပေ × ၆၀ပေ)(၀.၀၆၂)ဧကရှိ ဦးကျင်ဟုတ်(ခ)လှဦး(၁၄/ပသန(နိုင်)၁၆၂၂၅၆)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပါအမည်ပေါက်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဇော်မျိုးနိုင်	**ဒေါ်ဆောင်းဝတ်ရည်နှင်း**
LL.B, D.B.L	LL.B, D.B.L
အထက်တန်းရှေ့နေ (စဉ်–၄၅၆၅၃)	အထက်တန်းရှေ့နေ (စဉ်–၅၀၅၇၃)

အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉ ၂၅၀၂၉၀၇၈၁ ၊ ၀၉ ၇၉၆၇၆၇၇၂၅

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်–၅ ၊ နည်းဥပဒေ ၂၀)
မော်လမြိုင်ခရိုင်တရားရုံးတော်
၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၈

၁။ ဒေါ်လှစိန်	နှင့်	၁။ ဦးမောင်လေး
၂။ ဒေါ်အေးမြင့်		၂။ မောင်ကျော်သူ
၃။ ဒေါ်သိန်းတင်		၃။ မစန်းမွန်
၄။ ဦးအောင်ဌေး		၄။ မောင်အောင်နိုင်အေး
၅။ ဒေါ်မြင့်ကြည်		၅။ မောင်ထိန်ဝင်း
၆။ ဦးအေးမောင်		၆။ မသန်းမော်
၇။ မစန္ဒာဖြိုး(ခ)မခင်စန်းရီ (ခ)မသန္တာဖြိုး		
(၁)မှ (၇)ထိတရားလိုများ၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ဖြူပြာနွယ်		
တရားလိုများ		**တရားပြိုင်များ**

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ မယ်ဘရိုကျေးရွာနေ တရားပြိုင် မောင်ကျော်သူ၊ မစန်းမွန်၊ မောင်အောင်နိုင်အေး၊ မောင်ထိန်ဝင်း၊ မသန်းမော် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံဝေစု စီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃ရက် (၁၃၈၅ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ် ဇူလိုင်လ ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်ပန်းစိန်)
ဒုတိယခရိုင်တရားသူကြီး(၃)
မော်လမြိုင်ခရိုင်တရားရုံး

ဖခင်အမည်မှန်

ပန်းတနော်မြို့၊ အနောက်ပိုင်းရပ်ကွက်၊ သီရိလမ်းနေ ဒေါ်တင်တင်ကြည် ၁၄/ပတန(နိုင်) ၁၀၄၈၂၃ ၊ ဒေါ်ပြုံးပြုံးကြည် ၁၄/ပတန(နိုင်) ၁၂၄၂၄၀ ၊ ဦးတင်မောင်စိုး ၁၄/ပတန(နိုင်)၁၂၄၁၀၂၊ မသင်းသီရိစိုး ၁၄/ပတန(နိုင်)၁၄၅၄၃၇တို့၏ ဖခင်အမည်မှန်မှာ ဦးမြစိုး(ခ)ဦးမြတ်စိုး ၁၄/ပတန(နိုင်)၀၀၅၁၆၂ ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ (၂)တိုးချဲ့ ရပ်ကွက်၊ ကွင်းအမှတ်/အမည် ၅၄၈–ခ/ကောင်းမှုတော်)၊ ဦးပိုင် အမှတ်(၁၆၂/၁)၊ ဧရိယာ ၀ ဒသမ ၁၃ ဧကအား ဒေါ်ကြွယ်ကြွယ်စိန် အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက် အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက ဒေါ်ကြွယ်ကြွယ်စိန် အမည်ဖြင့် မြေငှားဂရန် ထုတ်ပေးရေးကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

တောင်ငူမြို့နယ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၃၅)၊ မြေကွက်အမှတ် ၄၂၂ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနတွင် ဦးစိုးနိုင် ISN-၀၃၃၉၁၉ အမည်ဖြင့် မှတ်သားတည်ရှိပြီး အရောင်းအဝယ် စာချုပ်အဆက်ဆက်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးငွေလှိုင် ၈/ရနခ(နိုင်)၀၈၃၈၇၄မှ လက်ရှိဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဇော်ထွေး ၁၂/ ကမတ(နိုင်)၀၆၈၈၄၄မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက် မှစ၍ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိုးသီတာအေး- LL.B,WIPO(Switzerland)
အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၀)
အမှတ် (၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်
ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၄၄၆၇၇၇၁၆

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ မြို့မရပ်ကွက်၊ အထက(မြို့မ) ကျောင်း၊ Grade-10 မှ မရွှေဇင်လင်းလဲ့၏ ဖခင်အမည်မှန်မှာ ဦးနန်းဝင်း ၈/မမန(နိုင်)၁၆၇၁၀၂ ဖြစ်ပါကြောင်း။

ဦးနန်းဝင်း

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် အ-လ-က (ခွဲ) ကံမလေးကျောင်း Grade-7 တွင် ပညာသင်ကြားနေသော အဖ ဦးဝင်းဇော်ဦး (၈/မထန(နိုင်)၀၉၃၀၂၀)၏ သားမောင်ခနေပြည့်ဖြိုးအား မောင်ထွဏ်းမင်းသန့်ဟု အမည်ပြောင်းလဲခေါ်ဆိုရန်။

မောင်ထွဏ်းမင်းသန့်

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊အောင်လံမြို့နယ်၊မြစ်နားကျေးရွာနေ အ-ထ-က (ပြလို့)ကျောင်း Grade-12 တွင် ပညာသင်ကြားနေသော မသီဂိစိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးလင်း (၈/အလန(နိုင်)၁၃၃၇၆၉) ဖြစ်ပါကြောင်း။

ဦးကျော်စိုးလင်း

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက (ကျိုက္ခမိ) Grade-8 မှ (ဘ)ဦးဇာနည်အေး၏သမီး မမြင့်မြတ်ဇာနည်ချို၏ ဖခင်အမည်မှန်မှာ ဦးဇာဏီအေး ၁၀/သဖရ(နိုင်)၀၈၆၆၂၉ ဖြစ်ပါကြောင်း။

ဦးဇာဏီအေး

အမည်မှန်

(ဘ)ဦးဇင်လင်းထက်၏ သမီး တာချီလိတ်မြို့၊ မကာဟိုခမ်း (အထက)၊ ကျောင်းဝင်အမှတ် (၀၈၄၈)၊ Grade-5(B) မှ မခင်မြတ်သူ၏ အမည်မှန်မှာ နန်းခင်မြတ်သူ ဖြစ်ပါကြောင်း။

နန်းခင်မြတ်သူ

အမည်ပြောင်း

(ဘ)ဦးကျော်မင်းထွန်း ၏သား တာချီလိတ်မြို့၊ ပါလျှံ(၁)ရပ်ကွက်၊ ဘဝသစ်ကိုယ်ပိုင်မူလတန်းကျောင်း၊ တတိယတန်းမှ မောင်နေသူရိန်အား မောင်သူရိန်မင်းခန့်ဟု အမည်ပြောင်းလဲ ခေါ်ပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၉၈၃၁၀, Honda Click-125 ယာဉ်လက်ဝယ်ရှိသူ ဦးသက်လွင် ၆/ထဝန(နိုင်)၀၃၈၈၉၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၄၈၉၅၇, Honda Wave -100 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်သိန်း ၆/ထဝန(နိုင်)၀၁၇၇၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၃၀၄၅, Honda Click-125i ယာဉ်လက်ဝယ်ရှိသူ ဦးပိုက်ထွေး ၆/ထဝန(နိုင်)၀၂၇၁၉၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

မှတ်ပုံတင်အမှတ်အမှန်ဖြစ်ကြောင်း

ပုသိမ်မြို့၊ ပုသိမ်ပညာရေးဒီဂရီကောလိပ်(PPTT) ၉/၂၀၂၃တွင် တက်ရောက်နေသော (အဖ) ဦးကျော်ကျော်၏ သမီး မတင်နီလာကျော်သည် ၂၀၀၄ခုနှစ်မှ ၂၀၂၃ မေလအထိ (နိုင်ငံသား စိစစ်ရေး ကတ်ပြား) ၁၄/ကကထ(နိုင်) ၁၅၀၀၈၁အား ကိုင်ဆောင်ထားခဲ့ပြီး ၁၅-၇-၂၀၂၃ရက်တွင် ၎င်း၏ မှတ်ပုံတင်အမှတ် အမှန်ဖြစ်သော ၁၄/ကကထ(နိုင်) ၁၅၀၀၈၀ အား လဲလှယ်ပြင်ဆင်ပြီး ဆက်လက်ကိုင်ဆောင်သွားမည်ဖြစ်ပါကြောင်း။

မတင်နီလာကျော်
၁၄/ကကထ(နိုင်)၁၅၀၀၈၀
ပုသိမ်ပညာရေးဒီဂရီကောလိပ်
၉/၂၀၂၃

အမည်ပြောင်းလဲခေါ်ဆိုပါရန်

(ဘ)ဦးသန့်ဇင်၏သား ကျိုင်းတုံမြို့၊ လွယ်မွေအုပ်စု၊ ဈေးတန်းရပ်နေ၊ မောင်သန့်ဇင်ထူး (၁၃/ကတန(နိုင်)၁၀၀၁၅၁)အား မောင်သန့်ဇင်ကိုဟု အမည်ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏မွေးသက္ကရာဇ်အမှန်မှာ (၂.၆.၁၉၈၆) ဖြစ်ပါကြောင်း။

မောင်သန့်ဇင်ကို

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၄၁၊ မြေကွက်အမှတ်-၁၆၁၃၊ နှစ်(၆၀)ဂရန်မြေ၊ ဦးကံညွန့် ၁၂/ဗဟန(နိုင်)၀၂၅၇၄၄ အမည်ပေါက်၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိမြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိအဆောက်အအုံများအပါအဝင် ၎င်းနှင့်သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူများဖြစ်သော(၁)ဦးသိန်းသန်းဝင်း ၅/ခဥတ(နိုင်)၀၆၈၁၇၈၊ (၂) ဒေါ်သဉ္ဇာထွန်း ၁၂/ဒဂမ(နိုင်)၀၁၁၈၆၀၊ (၃)ဒေါ်သက်စုလွင် ၁၁/ရသန(နိုင်)၀၇၄၂၈၆တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခိုင်ဆုဝေ (LL.B)	**ဒေါ်မိုးမီမီခိုင်(LL.B)**
(စဉ်-၅၃၃၆၉)	**(စဉ်-၅၃၄၉၁)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၄၅၅၆၇၇၆၁၅

အထူးကျေးဇူးတင်ရှိခြင်း

၂၃-၇-၂၀၂၃ရက်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ရဲမှူးကြီးနိုင်ရဲသူ၏ ဈာပနကိစ္စအဝဝကို မေတ္တာများစွာဖြင့် ကူညီဆောင်ရွက်ပေးကြပါသော သတင်းရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရာရှိကြီးများ၊ လုပ်ဖော်ကိုင်ဖက်များ၊ OTS(85)မှ ချစ်လှစွာသော ကျောင်းဆင်းဘက် သူငယ်ချင်းများ၊ သံသရာလမ်းညွှန် အဘိဓမ္မာ သင်တန်းမှ ဓမ္မမိတ်ဆွေအားလုံးနှင့်တကွ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်း/ ကြေးနန်း/နှုတ်ဖြင့် စောင့်ရှောက်ကူညီကြသူများ အားလုံးကို ရဲမှူးကြီး နိုင်ရဲသူ၏ မိဘနှစ်ပါးနှင့်တကွ ကျန်ရစ်သူမိသားစု အပါအဝင် အစ်မဖြစ်သူ ဒေါ်ငွေရည်ဦး (မဟာသဒ္ဓမ္မဇောတိကဓဇ) မှ အထူးကျေးဇူးတင်ရှိပါကြောင်း ညှိုးငယ်သောစိတ်ဖြင့် ဖော်ပြအပ်ပါသည်။

ကျန်ရစ်သူ မိဘနှစ်ပါး
ဇနီး+သားလေးနှင့်
မောင်နှမ၊ တူ/တူမများ

မောင်လေး-ကိုကြီးရေ .....

မမ ကြေကွဲလွမ်းဆွတ်ခြင်းများစွာနဲ့
ဖြေမဆည်နိုင်အောင်ကျန်ရစ်ခဲ့ရပါပြီ..
မောင်လေး ကိုကြီးရောက်ရာဘုံဘဝမှာ
ပြည့်စုံပါစေ..
ဘဝအဆက်ဆက် ဘုန်းကြီးလို့
သက်ရှည်ပါစေကွယ်..
မောင်လေးကိုအရမ်းချစ်တဲ့
မမ-မီးမီး
၂၃-ရက် ဇူလိုင်လ ၂၀၂၃ (တနင်္ဂနွေနေ့)တွင်
ကွယ်လွန်သွားသောမောင်လေး
ရဲမှူးကြီး နိုင်ရဲသူ အား ရည်မှန်း၍
အမ-ဒေါ်ငွေရည်ဦးမှ လွမ်းဆွတ်စာ.....

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ချောင်းစောက်ကျေးရွာ အထက(ခွဲ) Grade-11 မှ မောင်သီဟဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်သူ ၁၂/ကတန(နိုင်)၀၇၁၇၀၁ ဖြစ်ပါကြောင်း။

ဦးအောင်မြင့်သူ ၁၂/ကတန(နိုင်)၀၇၁၇၀၁

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေး ဘုရားလမ်း၊ အခန်း (၀၄-၀၅)၊ တိုက်-အေနေ ဒေါ်ထက်ဝန်းသော်တာ ၁၂/ဗဟန(နိုင်)၁၀၉၁၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ထက်ဝန်းသော်တာမှ ဒေါ်ဝင်းဝင်းရွှေ ၉/ပမန(နိုင်)၁၇၂၃၁ထံမှ(၁၁-၃-၂၀၂၀)ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၄၄၊ သခင်ဖိုးလှကြီးလမ်း၊ မြေကွက်အမှတ်-၁၁၇၇၊ ဒေါ်အေးသန်း ၁၂/မရက(နိုင်)၀၂၄၃၇၆အမည်ပေါက်၊ ပါမစ်မြေအမျိုးအစား၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ အိမ်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းဖိုးငွေအပြည့်အဝပေးချေပြီး အထက်ဖော်ပြပါအိမ်မြေအား ဥပဒေနှင့်အညီ ပိုင်ဆိုင်လက်ဝယ်ရရှိသွားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းပိုင် အထက်ပစ္စည်းစာရင်းပါအိမ်မြေနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ မိတ်ဆွေ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန် အသိပေးလိုက်သည်။ ပြုလုပ်ပါကပြုလုပ်သူနှင့်ပါဝင်ပတ်သက်သူတို့အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခိုင်ဆုဝေ (LL.B)	**ဒေါ်မိုးမီမီခိုင်(LL.B)**
(၅၃၃၆၉)	**(၅၃၄၉၁)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၄၅၅၆၇၇၆၁၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေး ဘုရားလမ်း၊ အခန်း(၀၄-၀၅)၊ တိုက်-အေ နေ ဒေါ်ထက်ဝန်းသော်တာ ၁၂/ဗဟန(နိုင်)၁၀၉၁၁၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ထက်ဝန်းသော်တာမှ ဒေါ်ဝင်းဝင်းရွှေ ၉/ပမန(နိုင်)၁၇၂၃၁ထံမှ(၂၀-၈-၂၀၁၉)ရက်နေ့၌ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၄၊ ပျဉ်းမမြိုင်လမ်း၊ မြေကွက်အမှတ်-၇၀၃၊ ဒေါ်လှထွေး ၁၂/မဂတ(နိုင်)၀၄၆၈၆၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေ၊ အကျယ်အဝန်း (၄၆ပေx၆၀ပေ)ရှိ အိမ်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းဖိုးငွေအပြည့်အဝ ပေးချေပြီး အထက်ဖော်ပြပါအိမ်မြေအား ဥပဒေနှင့်အညီပိုင်ဆိုင်လက်ဝယ်ရရှိသွားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းပိုင် - အထက်ပစ္စည်းစာရင်းပါအိမ်မြေနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့မိတ်ဆွေ၏ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ် ခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့အား မပြုလုပ်ရန် အသိပေးလိုက်သည်။ ပြုလုပ်ပါက ပြုလုပ်သူနှင့်ပါဝင်ပတ်သက်သူတို့ အပေါ် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ခိုင်ဆုဝေ (LL.B)	**ဒေါ်မိုးမီမီခိုင်(LL.B)**
(၅၃၃၆၉)	**(၅၃၄၉၁)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၄၅၅၆၇၇၆၁၅

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ ကမ္ဘာအေး ဘုရားလမ်း၊ အခန်း (၀၄-၀၅)၊ တိုက်-အေ နေ ဒေါ်ထက်ဝန်းသော်တာ (၁၂/ဗဟန(နိုင်)၁၀၉၁၁၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ထက်ဝန်းသော်တာမှ ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် (၂၁-၇-၂၀၂၃)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၄၂၅၉/၂၀၂၃ အား ဦးအောင်စိုးမိုး (၁၂/ဗဟန(နိုင်)၀၉၉၉၁၁)ကို လွှဲအပ်ထားပေးခဲ့ပါသည်။

သို့ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပုလဲကွန်ဒိုမီနီယမ်အိမ်ရာ တိုက်အမှတ်-အေ၊ အခန်းအမှတ်-၄၀၅၊ ဒေါ်ဝင်းဝင်းရွှေ (၉/ပမန(နိုင်)၁၇၂၃၁) အမည်မှ ဒေါ်ထက်ဝန်းသော်တာအမည်သို့လည်းကောင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ၄၄ ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ မြေကွက်အမှတ်-၁၁၇၇၊ ဒေါ်အေးသန်း (၁၂/မရက(နိုင်)၀၂၄၃၇၆)အမည်ပေါက်၊ ပါမစ်မြေအမျိုးအစား မြေကွက်အား ဒေါ်ထက်ဝန်းသော်တာအမည်သို့ ဂရန်အမည်ပေါက်လျှောက်ထားခြင်းအားလည်းကောင်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၄-ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ မြေကွက်အမှတ်-၇၀၃၊ ဒေါ်လှထွေး (၁၂/မဂတ(နိုင်)၀၄၆၈၆၇)အမည်ပေါက်၊ နှစ်(၆၀)ဂရန် မြေမှ ဒေါ်ထက်ဝန်းသော်တာအမည်သို့လည်းကောင်း အမည်ပြောင်းလဲပေးရန် ကိုယ်စားလှယ်လွှဲစာလွှဲအပ်ပေးခြင်းဖြစ်ပါသည်။ အခြား ဒေါ်ထက်ဝန်းသော်တာပိုင်ဆိုင်သောပစ္စည်းများနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန် ဦးအောင်စိုးမိုးနှင့်အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်ဆုဝေ (LL.B)	**ဒေါ်မိုးမီမီခိုင် (LL.B)**
(၅၃၃၆၉)	**(၅၃၄၉၁)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ် - ၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း -၀၉-၄၅၅၆၇၇၆၁၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၆၂၆၁၅,Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အုန်းရွှေ ၆/လလန(နိုင်)၀၄၆၀၁၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၇၄၂၉၂, Honda Wave 110D ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းလှဲ့မောင် ၆/လလန(နိုင်)၁၅၉၇၇၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)

ဝမ်းနည်းကြေကွဲခြင်း
ဦးရဲမြင့်
ညွှန်ကြားရေးမှူး (ရေ/သန့်)
ရေ/သန့်ဌာနခွဲ၊ အဆောက်အဦဦးစီးဌာန
အသက် (၅၉)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ရေ/သန့်ဌာနခွဲမှ ညွှန်ကြားရေးမှူး(ရေ/သန့်) ဦးရဲမြင့် သည် ၂၄-၇-၂၀၂၃ရက် (တနင်္လာနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ထမ်းမိသားစုများ
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဇောတိပါလ
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ သာယာကုန်းကျောင်း၏ ပဓာန နာယက ဆရာတော်ဖြစ်တော်မူသောဘဒ္ဒန္တဇောတိပါလ သက်တော်(၈၆)နှစ် သိက္ခာတောင်(၆၆)ဝါသည် (၁၃၈၅ ခုနှစ်၊ ဒုတိယ ဝါဆိုလဆန်း ၆ရက်) ၂၃-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့)နံနက် ၅:၃၀နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်) ၂၇-၇-၂၀၂၃ ရက်၊ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ရေဝေး သုသာန်၌ အန္တိမ အဂ္ဂိစျာပန ဆင်ယင်းကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်ဒါယကာ ဒါယိကာမများအား အသိပေး အကြောင်းကြား အပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2S/3662 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(သာယာဝတီ)

ဝမ်းနည်းကြေကွဲခြင်း
ဦးရဲမြင့်
ညွှန်ကြားရေးမှူး(ရေ/သန့်)
ရေ/သန့်ဌာနခွဲအဆောက်အဦဦးစီးဌာန
အသက် (၅၉)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ ရေ/သန့်ဌာနခွဲမှ ညွှန်ကြားရေးမှူး(ရေ/သန့်) ဦးရဲမြင့် သည် ၂၄-၇-၂၀၂၃ရက် (တနင်္လာနေ့)တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ
အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်

ဗိုလ်မှူး အောင်ဝင်း(ငြိမ်း)
တေဇ (၉)
အသက်(၆၄)နှစ်

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ သိမ်တောင်ရပ်ကွက်၊ (ဦးမောင်သန့် ကျောင်းအုပ်ကြီး-ငြိမ်း- ဒေါ်လှလှ)တို့၏သားလတ်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်း မြို့နယ်နေ ဒေါ်သီတာထွန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြင့်အောင်၏ညီ၊ ဦးထွန်းရှိန်၊ ဒေါ်မြင့်မြင့်ဝင်း-ဦးအောင်နိုင်၊ ဒေါ်မြင့်မြင့်သက်တို့၏အစ်ကို၊ ဒေါက်တာအိန္ဒြေအောင်ဝင်း၊ ကိုမဟိန္ဒအောင်ဝင်းတို့၏ မွေးသဖခင် ကျေးဇူးရှင် ဗိုလ်မှူးအောင်ဝင်း(ငြိမ်း)သည် ၂၄-၇-၂၀၂၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁၃:၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်လေးမြင့်
မြို့နယ်စီမံကိန်းဦးစီးအရာရှိ
အသက်(၅၈)နှစ်

မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၊ ရုံးအဖွဲ့မှူး(ဒုတိယညွှန်ကြားရေးမှူး)၊ ဦးစောသန်းဦး၏ဇနီး ဒေါ်ခင်လေးမြင့် အသက်(၅၈)နှစ်၊ မြို့နယ်စီမံကိန်း ဦးစီးအရာရှိသည် ထီးလင်းမြို့နေအိမ်၌ ၂၅-၇-၂၀၂၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

မကွေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တရားသူကြီးများ
အရာထမ်း၊ အမှုထမ်းဝန်ထမ်းမိသားစု

ဦးတင်ဝင်း
အသက်(၇၄)နှစ်

မန္တလေးမြို့၊ တမ္ပဝတီ၊ ရွှေစံကိုင်ရပ်ကွက်၊ အကွက် ၄၈၅နေ ဦးဇော်လွင်ဦး၊ ဒေါ်နှင်းသန္တာထွန်း၊ ဒေါ်ဖြူအေးသွယ်၊ ဒေါ်အေးနွယ်စိုး(ခ)မိငယ်လေး၏ ဖခင်၊ ဒေါ်အေးအေး(မူလတန်းပြဆရာမ-အငြိမ်းစား)၏ခင်ပွန်းသည် ၂၄-၇-၂၀၂၃ရက် ညနေ၅:၃၀နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူး အောင်ဝင်း(ငြိမ်း)၊ တေဇ (၉)
အသက်(၆၄)နှစ်

သူငယ်ချင်း ဗိုလ်မှူး အောင်ဝင်း (ငြိမ်း) (တေဇ ၉၆၈) သည် ၂၄-၇-၂၀၂၃ ရက် (တနင်္လာနေ့) မွန်းလွဲ ၁၃:၃၀ နာရီ၌ ရန်ကုန်မြို့တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းပူဆွေးရပါသည်။

တေဇ ၉ သူငယ်ချင်းများနှင့် မိသားစုများ

(၁၂) နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဒုတိယဗိုလ်မှူးကြီး ကျော်မင်းဝင်း
(ကြည်း-၂၇၈၉၇) (တေဇ-၂၃)
(၂၆-၇-၂၀၁၁) - (၂၆-၇-၂၀၂၃)

တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း မိသားစုကို ခွဲခွာသွားခဲ့တာ (၂၆-၇-၂၀၂၃) မှာ (၁၂)နှစ်ပြည့်ခဲ့ပါပြီ။ အစ်ကိုကြီးအားရည်စူး၍ နေ့စဉ်၊ လစဉ်ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများနှင့် ယနေ့ (၁၂) နှစ်ပြည့်တွင်ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုအတွက် အမျှပေးဝေပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ဇနီး-ဒေါက်တာနှင်းအိလှိုင်ဆွေ
ဒုတိယညွှန်ကြားရေးမှူး၊ ကုသရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၁၃၄၊ စံပယ်(၁)လမ်း၊ မြေကွက်အမှတ် - ၈၉၆၊ အကျယ်အဝန်း ဧရိယာ ပေ(၄၀x ၆၀) ရှိ ဦးစန်းလွင် (၁၂/လကန(နိုင်)၀၇၃၅၇၄) အမည်ပေါက် ပါမစ်မြေ အမျိုးအစားမြေအနက်မှ မခွဲမစိတ်ရသေးသော အကျယ်အဝန်းပေ(၂၀x၆၀) ရှိ (၈၉၇ နှင့်ကပ်လျက်ဘက်ခြမ်း) (ပါမစ်မူရင်းခြမ်း) မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူဦးအေးမင်းချို ၁၂/တမန(နိုင်)၀၉၃၄၀၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးမြင့်အောင်၊ စဉ်-၂၅၁၆၅ ဦးအေးမင်းသူ၊ စဉ်-၂၆၁၉၉ ဒေါ်လင်းလင်းကြည်၊ စဉ်- ၄၆၃၂၈
အထက်တန်းရှေ့နေများ
အမှတ် - ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပင်လောင်းမြို့၊ အနောက်ရပ်ကွက်သစ်နေ (ဘ)ဦးထွက်ချို ၏သမီးဖြစ်သူ မခင်မိုးဖြူ ၁၃/ပလန(နိုင်)၀၇၅၇၂၅ ၏ အမည်မှန်မှာ မူခင်မိုးဖြူဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁၄-၁၁-၁၉၉၃ ဖြစ်ပါကြောင်း။

အမည်မှန်

ပင်လောင်းမြို့နယ်၊ တောင်ထီဗွာကျေးရွာအုပ်စု၊ နန်းပန်းညောင်ပင်ရွာနေ (ဘ)ဦးမောင်ချိန် ၏ သမီးဖြစ်သူ မချစ်တူ ၁၃/ပလန(နိုင်)၀၅၅၆၈၆ ၏ အမည်မှန်မှာ မချစ်သူဖြစ်ပါကြောင်း။

မချစ်သူ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၅)၊ မြေကွက်အမှတ် (၁၇၆၂)၊ အကျယ်အဝန်းပေ (၄၀x၆၀)၊ ဧရိယာ ၀.၀၅၅ကေရှိ ဦးညွန့်တင်(ဂျေအီး-၀၀၃၈၄၉) (၁၂/လမန(နိုင်)၀၆၈၂၁၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းအောင်နိုင် ၁၂/လမန(နိုင်)၀၉၁၈၃၅မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မွန်မွန်ချို (LL.B) ဒေါ်စန္ဒာဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ (စဉ်-၂၆၄၀၉)
အမှတ် (၁၈၇)ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂)ရပ်ကွက်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဗိုလ်ချုပ်လမ်းအမှတ်(၇၃)ဟု ခေါ်တွင်သော တိုက်ခန်း (A-1)၊ အကျယ်အဝန်း ၁၂ ပေ x ပေ ၅၀ ရှိ မြေညီထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးကျော်ဆန်းသင်း (၁၂/ခရန(နိုင်)၀၁၂၂၉၀)၊ ဒေါ်မြင့်မြင့်ထွန်း (၁၂/ဥကတ(နိုင်)၀၁၂၂၁၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သူ ဒေါ်ခင်ချောစုခိုင် (၁၂)ရပသ(နိုင်)၀၉၀၀၀၁)၊ ဦးအေးမင်းဦး (၁၂/ဥကမ(နိုင်)၁၆၀၁၂၇)တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) ဒေါ်ခင်စောသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)
တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂)လမ်းမကြီးနှင့် အမှတ် (၇)မြို့ပတ်လမ်းမကြီးဆုံရာ၊ ဒီဇင်ဘာသီရိဂေဟာမြို့တော်၊ (၂) ခန်းတွဲ ခြောက်ထပ်တိုက်အဆောက်အအုံမှ B Block ၊ တိုက်အမှတ်(၉၆)၊ အခန်းအမှတ် (၁၀၁)မြေညီထပ်(ဘယ်) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူထားသူ ဦးအေး (၉/မရတ(နိုင်)၀၆၆၀၂၃) သည် (၁၃-၈-၂၀၂၀)ရက်တွင် ကွယ်လွန်သွားပြီးဖြစ်၍ ဦးအေး ကိုယ်စား တရားဝင်ဇနီးဖြစ်သူ ဒေါ်တင်စိန် ၉/မရတ(နိုင်)၀၆၆၀၂၆အမွေဆက်ခံ ပိုင်ဆိုင်ခွင့်ရှိသူက ယင်းတိုက်ခန်းအား အမည်ပြောင်းပေးပါရန် ဒီဇင်ဘာဆောက်လုပ်ရေးကုမ္ပဏီတွင် လျှောက်ထားသဖြင့် ကန့်ကွက်လိုသူများရှိပါက အောက်ဖော်ပြပါလိပ်စာသို့ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်တင်စိန်
အမှတ် (၂၇၃/က)၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်ဟိုတယ်၊
မြေညီထပ်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကန်ကြီးရပ်ကွက်၊ ကမ်းနားလမ်း၊ အကွက်အမှတ်နှင့်အမည်-၁(ခ) ကန်ကြီးကွင်း၊ ဦးပိုင်အမှတ် (၁၇၉)၊ မြေဧရိယာ(၀.၀၅၅)ကေရှိ မြေကွက်ကို မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေမှုအမှတ်-၄၆/၂၀၀၆-၂၀၀၇ အရ (၁၁-၈-၂၀၀၅)မှ (၁၀-၈-၂၀၃၅) အထိ နှစ်(၃၀)မြေငှားဂရန်ကို ဦးတင်စိုး ၆/မအရ(နိုင်)၀၀၀၆၁၉၊ ဒေါ်နန်းစန္ဒီ ၁၃/တကန(နိုင်)၁၂၈၁၈၂ ဆိုသူတို့အမည်ဖြင့် ထွက်ရှိနေပါသည်။ အဆိုပါထွက်ရှိနေသော မြေငှားဂရန်သည် ပျောက်ဆုံးသွား၍ အဆိုပါမြေကွက်အား ဦးတင်စိုး ၆/မအရ(နိုင်)၀၀၀၆၁၉၊ ဒေါ်နန်းစန္ဒီ ၁၃/တကန(နိုင်)၁၂၈၁၈၂တို့မှ မြေငှားဂရန်မိတ္တူအမှန်လျှောက်ထားမည်ဖြစ်ပါ၍ မည်သူမဆို ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေငှားဂရန်မိတ္တူအမှန်လျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်စိုး+ဒေါ်နန်းစန္ဒီတို့၏ လွှဲအပ်ချက်အရ-
ဒေါ်သော်သော်ဦး LL.B, Advocate
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၆၆)
အခန်း(၅၀၅)၊ (၅)လွှာ၊ တိုက်(A)၊ ကုန်းမြင့်သာအိမ်ရာ၊ ရေပုန်းရပ်၊ မြိတ်မြို့။
ဖုန်း-၀၉ - ၂၅၀၄၇၀၄၈၈

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅ A ၊ မြေကွက်အမှတ်- II ၈-B/၃ ၊ ဧရိယာ- ၀. ၈၂၃ ဧက ရှိ မြေပိုင်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၌ ဒေါ်အေးအေးသိန်း (၁၂/မရက (နိုင်) ၀၇၁၈၅၃) ၏ အမည်ပေါက်သော မြေပိုင်မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်အနက်မှ တရားဝင်တိုင်းတာခွဲစိတ်ရခြင်းမရှိသေးသော တောင်ဘက်ခြမ်း ဧရိယာ- ၈၀ ပေ x ၈၀ ပေ ခန့် ရှိ မြေကွက်ကို ဒေါ်အေးအေးသိန်း ထံမှ မြေပိုင်ဆိုင်မှုခွဲဝေခြင်းကတိစာချုပ်ဖြင့် ဒေါ်မိမိကြင် (၁၂/မဂတ (နိုင်) ၀၅၇၃၆၉) မှ အပြီးအပိုင်ခွဲဝေရရှိခဲ့ပြီးနောက် ဒေါ်မိမိကြင် ၏သားဖြစ်သူ ဦးညီညီနိုင်ဦး (၁၂/မဂတ (နိုင်) ၀၉၇၆၆၆) က ပြန်လည်ရုပ်သိမ်းပိုင်ခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်အမှတ်- ၈၁၅၇/၂၀၁၂ (၂-၅-၂၀၁၂) ကို ရယူခဲ့သဖြင့် အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ မင်္ဂလာဩဘာလမ်းသွယ်၊ အမှတ် (၆၈၀/၆၉၄) ဟုခေါ်တွင်သည့် ရေ မီး အစုံ (၁) ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်မိမိကြင် နှင့် ဦးညီညီနိုင်ဦး တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေနှင့်အိမ်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ် ပါသည်။

ဝယ်ယူသူ ၏ ညွှန်ကြားချက်အရ-
ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F ၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရန်ကင်းလမ်း၊ Block (6)၊ Basement (၂)ထပ် + RC (၃၄)ထပ် (Lift ပါ)အဆောက်အအုံ၏ အခန်းအမှတ်(၁၀-၀၅)၊ (1 SBR)၊ (၁၀-လွှာ) ဧရိယာ (၅၁၇.၇၄) စတုရန်းပေရှိ Golden City Condo တိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင် ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော Golden Land Real Estate Development Co.Ltd ၏ကိုယ်စား ဦးမင်းမျိုးသန့် (၉/မထလ(နိုင်)၁၈၃၇၈၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမျိုးထက်လင်း ၁၂/ရကန(နိုင်)၀၆၉၇၈၄က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သက်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့် အညီပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးမျိုးထက်လင်း ၏လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝေဖြိုးအောင်(LL.B),WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
Ph-09 421157856,09-798458627

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝ တောတွေ ထိန်းသိမ်းစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

❖ **တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရေးပင် ဖြစ်သည့်အတွက် မိမိတို့တာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ပြုလုပ်သော ကလောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်းအခမ်းအနား၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းအခမ်းအနား၊ ရေစက်ချမဟာမင်္ဂလာအခမ်းအနားများသို့ တက်ရောက်ပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ၂၀၂၃ ဇူလိုင် - ၂၅

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိမာရဝိဇယဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းအခမ်းအနား၊ ကျောက်စာရုံစေတီများ ထီးတော်တင်လှူခြင်းနှင့် ဗုဒ္ဓဥယျာဉ်တော်သာသနိက အဆောက်အဦများ လှူဒါန်းခြင်း ရေစက်ချ မဟာမင်္ဂလာအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့(ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့(အင်္ဂါနေ့)နံနက်ပိုင်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် တက်ရောက်ပူဇော်လိုသည့် အလှူရှင်များအနေဖြင့် အောက်ပါပုဂ္ဂိုလ်/တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့ဆောင်ရွက်နိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(က)	ဦးအာကာမော်	၀၉-၆၇၆၆၄၁၁၆၈
(ခ)	ဦးအောင်ကို	၀၉-၆၇၅၀၀၁၂၁၃
(ဂ)	ဦးသော်ဇင်လှိုင်	၀၉-၆၈၆၁၆၀၉၈၉
(ဃ)	ဦးချစ်ဖြိုးနိုင်	၀၉-၆၇၄၂၂၀၀၈၄
(င)	ဦးအေးမင်းထက်	၀၉-၆၆၀၉၈၅၉၅၆

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာနှင့် တံခါးဖွင့်ဆွေးနွေးပွဲတို့အပေါ် မြန်မာနိုင်ငံ၏တုံ့ပြန်ချက်

၂၀၂၂ ခုနှစ်အတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်အစီရင်ခံစာတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၁၇) နိုင်ငံကို ထည့်သွင်းလျက် ထုတ်ပြန်ခဲ့သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ပဋိပက္ခနှင့်စပ်လျဉ်းသော လိင်အကြမ်းဖက်မှုဆိုင်ရာ နှစ်စဉ်တံခါးဖွင့်ဆွေးနွေးပွဲကို ၁၄-၇-၂၀၂၃ ရက်တွင် ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အစီရင်ခံစာ၏နောက်ဆက်တွဲတွင် တပ်မတော်ကို ထပ်မံစာရင်းသွင်းခဲ့သည်ကို စိတ်ပျက်ဖွယ်တွေ့ရှိရပြီး ၎င်းလုပ်ရပ်သည် နိုင်ငံရေးသွတ်သွင်းမှုသက်သက်သာဖြစ်ကြောင်း မြန်မာနိုင်ငံက ရှုမြင်သည်။ ကုလသမဂ္ဂ၏လွတ်လပ်သော ကျွမ်းကျင်သူများသည် သက်ဆိုင်ရာအစိုးရမှပေးပို့သော အချက်အလက်များကို ထည့်သွင်းစဉ်းစားရန်နှင့် အချက်အလက်အားလုံးကို အပြန်အလှန်စစ်ဆေးရန် လိုအပ်သော်လည်း အစီရင်ခံစာတွင် အစိုးရဘက်မှ ပံ့ပိုးထားသည့် အချက်အလက်များကို တမင်ချန်လှပ်ထားရုံသာမက စွပ်စွဲချက်များကို သက်ဆိုင်ရာနိုင်ငံနှင့် စိစစ်ရန်ပျက်ကွက်ခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❖

အားကောင်းသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဇူလိုင် ၂၅

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းကမ်းလွန်-ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

စာမျက်နှာ ၁၄ ကော်လံ ၁ ❍

ယနေ့ သတင်းအညွှန်း

စစ်ရာဇဝတ်မှုများနှင့်အကြမ်းဖက်မှုများ၏ အန္တရာယ်
ဆောင်းပါး စာ ၁၀

....

နှစ်သောင်းတန် ငွေစက္ကူကို အမှတ်တရအနေနဲ့ အကန့်အသတ်ဖြင့်သာ ငွေစက္ကူအဟောင်းများနေရာမှာ အစားထိုးလဲလှယ်ပေးခြင်းဖြစ်တဲ့အတွက် ငွေစက္ကူထုတ်ဝေခြင်းကြောင့်တော့ ငွေကြေးဖောင်းပွမှုမဖြစ်နိုင်ပါဘူး
တွေ့ဆုံမေးမြန်း စာ ၁၇

MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၃ တွင် GFA ကို ရတနာပုံအသင်း အနိုင်ယူ

ရန်ကုန် ဇူလိုင် ၂၅

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၂၅ ရက်က YUSC ကွင်း၌ ကျင်းပရာ ရတနာပုံအသင်းက GFA အသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အမှတ်ပေးဇယားအောက်ဆုံးရောက်ရှိနေသည့် GFA အသင်း ရှုန်းကန်ခဲ့သော်လည်း ရတနာပုံအသင်းကို အရေးနိမ့်ခဲ့သဖြင့် လာမည့်ပွဲများတွင် ဆက်လက်ရုန်းကန်ရတော့မည်ဖြစ်သည်။ ရတနာပုံအသင်းမှာမူ နိုင်ပွဲပြန်လည်ရယူပြီး အမှတ်ပေးဇယားအဆင့် ၆ နေရာအထိ တက်လှမ်းလာနိုင်ခဲ့သည်။

စာမျက်နှာ ၁၄ ကော်လံ ၂ ❒

ရတနာပုံနှင့် GFA အသင်းတို့ ယှဉ်ပြိုင်စဉ်။